# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၇)၊ အမှတ်(၁၅)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ နိုင်ငံတော်စျာပနအခမ်းအနားသို့ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၁၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးရှိ ငြိမ်းအေးဇရပ်၌ ကျင်းပသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ နိုင်ငံတော်စျာပနအခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ■



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း၏ နိုင်ငံတော်စျာပနအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားတိုင်းပြည်များမှ အစိုးရများ၏ အထူးကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး အမှူးပြုသည့် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)


မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

**လမ်းကြောင်းလည်းမပြောင်းပါ၊ ခိုးရိမ်ရန်လည်းမလိုပါ**

နိုင်ငံတော်အစိုးရက ပြည်သူတို့၏ ဆန္ဒနှင့်အညီ ပြည်သူတို့နှင့် လက်တွဲကာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို မမိုတ်မသုန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု အတိအလင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော်တို့ ရှေ့ဆက်သွားကြပါမည်။ လမ်းကြောင်း ပြောင်းရန်လည်းမရှိပါ။ စေတနာမှန်မှန်နှင့် လက်တွဲလိုက်ပါလိုသူများကိုလည်း လက်ကမ်းကြိုဆိုပါသည်။ လမ်းခရီးတွင် တွေ့ရမည့် အတားအဆီးများ၊ ဆူးငြောင့်ခလုတ်များကိုလည်း ဖယ်ရှားသွားပါမည်။

မညားအောင်၏ ဆောင်းပါး (စာ ၈ နှင့် ၉ )တွင် ဖတ်ရှုနိုင်ပါသည်။


**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်)

# ရာသီဥတုညီညွတ်မျှတပြီး လူမှုစီးပွားဘဝ မြင့်မားရေး သဘာဝပတ်ဝန်းကျင် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်

ကမ္ဘာပေါ်ရှိ သတ္တဝါများသည် ရေ၊ မြေ၊ တော၊ တောင်၊ မြစ်၊ ချောင်း၊ အင်းအိုင်၊ ပင်လယ်နှင့် သမုဒ္ဒရာ စသည့် သဘာဝပတ်ဝန်းကျင်ကို အမှီပြု၍ အသက်ရှင် ရပ်တည်နေကြရသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် မြေဆီလွှာယိုယွင်းမှု တိုက်ဖျက်ရေးစီမံချက်နှင့် လုပ်ငန်းစဉ်များ ထိရောက်စွာ ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်က သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးကို အမျိုးသားရေးလုပ်ငန်းအဖြစ်ဆောင်ရွက်ရန် အစီအစဉ်များ ရေးဆွဲထားသည်။

ယခုအခါ သစ်တောများပြုန်းတီး၍ သစ်ပင်များ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့စုပ်ယူနိုင်မှု နည်းပါးကာ မှန်လုံအိမ် အာနိသင်ထုတ်လွှတ်မှု များပြားလာသဖြင့် ရာသီဥတုဖောက်ပြန်လာသည်။ ရာသီဥတုမမှန်၍ စိုက်ပျိုးမြေများ ခြောက်သွေ့ ပျက်စီးပြီး မြေဆီလွှာအရည်အသွေး ကျဆင်း၍ သီးနှံအထွက်နှုန်း လျော့နည်းလာသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သောဒေသသည် နိုင်ငံမြေဧရိယာ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသည်။ အဆိုပါ ဒေသအတွင်း မြေဆီလွှာယိုယွင်းမှုကိုထိန်းသိမ်းရန် ၁၉၉၄ခုနှစ်တွင် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး စီမံချက်ကို စတင်လုပ်ဆောင်ခဲ့ရာမှ ၁၃ ခရိုင်အထိ တိုးချဲ့ဖော်ဆောင်နိုင်ခဲ့သည်။

အပူပိုင်းဒေသတွင် ဆည်အစုအဖွဲ့များ ပေါ်ပေါက်လာခဲ့၍ ဒေသနေပြည်သူများ ဆည်တမံရေကို အသုံးပြုကာ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လာမှုကြောင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနှင့် သဲကန္တာရတိုက်ဖျက်ရေးကို အထောက်အကူ ပြုခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး ဆောင်ရွက်ရာတွင် အရေးပါသည့် ရာသီဥတုညီညွတ်မျှတရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများက လက်တွဲပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းတိုက် ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၁၄

ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းတိုက်၌ ဝါဆိုဝါကပ်၍ ပရိယတ်လုပ်ငန်းကြိုးပမ်းအားထုတ်နေကြသော ဆရာတော်၊ သံဃာတော် အပါး ၁၆၀ ကျော်နှင့် ပင့်သံဃာတော် အရှင်မြတ်တို့အား ပဌမအကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၉ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ရက်(နိုဝင်ဘာ ၁၁ ရက်) တနင်္ဂနွေနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသော ဒါယကာ၊ ဒါယိကာမများ ဖုန်း-၀၅၂-၂၂၅၆၅၊ ၀၉-၅၃၀-၁၅၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## မြဝတီရုပ်မြင်သံကြား

၁၅-၁၀-၂၀၀၇
(တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ် ချိုနှာဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄:၃၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၂၀ ၈။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၅:၃၀ ၉။ ဗွီစီဒီကျော်ကြားတေး
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၃၁)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစုံစမ်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း (ဒုတိယတွဲ)** (အပိုင်း-၄၁)

## ပဝါရဏာပွဲနှင့် အသံမစဲပဌာန်းပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ် ရာမညဝေပုလ္လတိုက် မွန်ပါဠိတက္ကသိုလ် သွေးဆေးကန် မွန်ကျောင်း၏ ဦးစီးပဓာန နာယက ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရအား အမှူးထား၍ ဆွမ်း၊ ကွမ်းဝေယျာဝစ္စအဖွဲ့က ဦးဆောင်၍ (၆၆) ကြိမ်မြောက် မွန်ပဝါရဏာပွဲနှင့် (၂၁) ကြိမ်မြောက် မွန်ဘာသာ အသံမစဲ ပဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို သီတင်းကျွတ်လဆန်း ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည် ဖြစ်ရာ ပဝါရဏာပွဲနှင့် အသံမစဲ ပဌာန်းပွဲ၌ အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် အချိုပွဲများ ဆက်ကပ်လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တဝါရနှင့် ဆွမ်း၊ ကွမ်း ဝေယျာဝစ္စအဖွဲ့တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)




ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ခေတ္တဂျပန်ရောက် ဦးအေးမြင့်-ဒေါ်ချိုချိုမြင့်၊ သမီး ဆိုင်ကိုကိုစံမိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့် ဦးဘချိုတို့ လက်ခံယူစဉ်။ (က-ပ)




သား မောင်ကျော်ရဲရင့်အား ရည်စူး၍ ရွှေတောင်ကြား(၁) သံလွင်လမ်း ဗဟန်းမြို့နယ်နေ ဦးသစ်လွင်-ဒေါ်သန်းအေး မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးနှင့် ငွေပဒေသာပင် အလှူငွေ ကျပ်တစ်သိန်းတစ်သောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခင်ငြိမ်း လက်ခံယူစဉ်။ (က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၀-၂၀၀၇ (တနင်္လာနေ့)

**AM & PM**

- ၇:၀၀ -၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ -၁:၀၅ "သမုဒယနွယ်"တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၈:၀၅ -၂:၀၅ လင်းလက်တောက်ပသတ္တုစ
- ၈:၂၀ -၂:၂၀ အမှောင်ထဲမှစွမ်းအားရှင်များ
- ၈:၃၀ -၂:၃၀ တေးဂီတအစီအစဉ်
- ၈:၃၅ -၂:၃၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၈:၄၅ -၂:၄၅ တေးဂီတအစီအစဉ်
- ၈:၅၀ -၂:၅၀ အားလုံးအတွက်ပြန်လာတဲ့ ဒေဂူး
- ၉:၁၀ -၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၀ -၃:၂၀ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ ရဲမြလွင်နှင့်တွေ့ဆုံခြင်း)
- ၉:၅၀ -၃:၅၀ တေးဂီတအစီအစဉ်
- ၉:၅၅ -၃:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၀ -၄:၀၀ လူအများပြောနေကျ အရိုးကျီးပေါင်းတက်ရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး)
- ၁၀:၂၀ -၄:၂၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၂၅ -၄:၂၅ "ဘဝများ" ဧည့်ကြိုတစ်ယောက်၏ တစ်နေ့တာ
- ၁၀:၅၀ -၄:၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၀၀ -၅:၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင် ကဏ္ဍ(လိင်ဆက်ဆံခြင်းဖြင့် ကူးစက်တတ်သောရောဂါများနှင့် ပတ်သက်သည့် ကျန်းမာရေးပြဿနာများ) (အပိုင်း-၁) (ဧည့်သည်တော်-ဒါရိုက်တာသက်တင်)
- ၁၁:၂၀ -၅:၂၀ တေးဂီတအစီအစဉ်
- ၁၁:၂၅ -၅:၂၅ မန္တလာမေနဲ့ မန္တလေး-ပြင်ဦးလွင်ကိုသွားကြစို့
- ၁၁:၃၅ -၅:၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၄၀ -၅:၄၀ စိတ်ပညာကိုအခြေပြု ဘဝရဲ့တိုးတက်မှု
- ၁၂:၀၀ -၆:၀၀ တေးဂီတအစီအစဉ်
- ၁၂:၀၅ -၆:၀၅ Fashion Guide (မျက်နှာအနေအထားအမျိုးမျိုးအတွက် မိတ်ကပ်လိမ်းခြယ်နည်းအဆင့်ဆင့်) (အပိုင်း-၂)
- ၁၂:၃၀ -၆:၃၀ ကျိုးသဲမြို့မှ စည်းလုံးချည်
- ၁၂:၄၀ -၆:၄၀ တေးဂီတအစီအစဉ်
- ၁၂:၄၅ -၆:၄၅ ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
- ၁:၀၀ -၇:၀၀ MRTV-4 အပိတ် Logo

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

■ **ရှေ့ဖုံးမှ**

## တက်ရောက်



အဆိုပါ နိုင်ငံတော်ဗျာပနအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏမာရာမ ဈေးကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဩဘာသိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များဖြစ်တော်မူကြသော ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇဝန္တ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်တော်မူကြသော ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသနှင့် မွန်ပြည်နယ် ရေးမြို့ဖာလ ဇေတဝန်ကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒသီရိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ဖြစ်တော်မူကြသည့် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိဇယာရာမ အရှေ့တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တနေမိန္ဒ၊ ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ဓမ္မသီတဂူ အေးရွာကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတ၊ မန္တလေးတိုင်း စဉ့်ကိုင်မြို့ ရေချမ်းအိုးကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တခေမာဝံသ၊ ပဲခူးတိုင်း(အရှေ့ပိုင်း) တောင်ငူမြို့ မြစည်းခုံ စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍဝံသနှင့် စစ်ကိုင်းတိုင်း



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ နိုင်ငံတော်ဗျာပနအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားတိုင်းပြည်များမှ အစိုးရများ၏ အထူးကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး အမှူးပြုသည့် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ သံရုံး ယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

မင်းကင်းမြို့ ကန်တော်ပရိယတ္တိ စာသင်တိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တတိလောကတို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားတိုင်းပြည်များမှ အစိုးရများ၏ အထူးကိုယ်စားလှယ်များဖြစ်ကြသော လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Thongloun Sisoulith နှင့် အဖွဲ့ဝင်ခုနစ်ဦး၊ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ၏ အကြံပေးပုဂ္ဂိုလ် H.E. Lt. Gen. Agus Witjoyo နှင့် အဖွဲ့ဝင် တစ်ဦး၊ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Balaji Sadasiyan နှင့် အဖွဲ့ဝင်တစ်ဦး၊ အိန္ဒိယသမ္မတနိုင်ငံ ခရီးသွားလာရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mrs. Ambika Soni နှင့် အဖွဲ့ဝင်နှစ်ဦး၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယား နိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany အမှူးပြုသော ဘရူနိုင်း ဒါရုဆလမ် နိုင်ငံ သံအမတ်ကြီး H.E. Pehin Datu Inderasugara Brig-Gen(B)Dato Paduka Haj, Mohammad Yusof bin Abu Bakar၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Major General Abu Rushde Rokonuddowla၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Guan Mu၊ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Yossef Kamal Batros Hanna၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Bhaskar Kumar Mitra၊ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Yasuaki NOGAWA၊ ကိုရီးယား သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Park Key-Chong၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. Sou PHAKHET၊ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato Shaharuddin Bin Md. Som၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Noel C. Cabrera၊ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Robert Chua Hian Kong၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ သံအမတ်ကြီး H.E.Mr.P.A.D. Samarasekera၊ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Mikhail M. MGELADZE နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ သံအမတ်ကြီး H.E.Mr. Tran Van Tung၊ ပါကစ္စတန် အစ္စလမ္မစ်သမ္မတ နိုင်ငံ သံရုံး၊ ဆော်ဒီအာရေဗျနိုင်ငံသံရုံး၊ ဆားဗီးယားနိုင်ငံသံရုံး၊ အင်ဒိုနီးရှားသမ္မတ နိုင်ငံ သံရုံးနှင့် နိုင်ဂျီးရီးယားနိုင်ငံသံရုံးတို့မှ သံရုံးယာယီတာဝန်ခံများနှင့် သံရုံး အဖွဲ့ဝင်များ၊ နီပေါနိုင်ငံ သံရုံးမှ ဒုတိယအတွင်းဝန်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံသံရုံး၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ ကိုရီးယားသမ္မတနိုင်ငံသံရုံး၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ မလေးရှားနိုင်ငံသံရုံး၊ လာအိုပြည်သူ့ဒီမိုကရက် တစ် သမ္မတနိုင်ငံသံရုံး၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး၊ ဂျပန်နိုင်ငံသံရုံး၊ ကမ္ဘော ဒီးယား နိုင်ငံသံရုံး၊ ပါကစ္စတန် အစ္စလမ္မစ်သမ္မတနိုင်ငံသံရုံး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးနှင့် ထိုင်းနိုင်ငံ သံရုံးတို့မှ စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်း အဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး၊ မိသားစုဝင်များနှင့် ဆွေမျိုးသားချင်းများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မွန်းတည့် ၁၂ နာရီတွင် နိုင်ငံတော်ဗျာပနအခမ်းအနားကျင်းပသည့် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီးရှိ ငြိမ်းအေးဇရပ်သို့ရောက်ရှိလာရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

### ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ငြိမ်းအေး ဇရပ်အတွင်းရှိ ကလပ်တွင် ပြင်ဆင်ထားရှိသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၏ ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ကြည့်ရှုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် ကျန်ရစ်သူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်ဗျာပန အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားတိုင်းပြည်များမှ အစိုးရများ၏ အထူး ကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအမှူးပြုသည့် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မွန်းလွဲ ၁၂ နာရီခွဲတွင် ဗျာပနကျင်းပရာ ငြိမ်းအေးဇရပ်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့သည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ရုပ်ကလာပ်အား ကြည့်ရှုကြသည်။

### ဂါရဝပြုကြည့်ရှု

ထို့နောက် ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ဝန်ကြီးချုပ်၏ ရုပ်ကလာပ်အား ဂါရဝပြုကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ နှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်၊ အစိုးရ အဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများသည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ရုပ်ကလာပ်အား ဂါရဝပြု ကြည့်ရှုကြသည်။

### သီလခံယူဆောက်တည်

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသိဝံသ ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဩဘာသိဝံသက အနိစ္စာဝတ သင်္ခါရာ အစရှိသော သံဝေဂ တရား ဟောကြားချီးမြှင့်၍ ဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မိသားစုဝင် များက ဘာဝနာနုဿတိကမ္မဋ္ဌာန်းကို ပွားများကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီးနှင့် မိသားစုများ သည် ကြွရောက်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။ *စာမျက်နှာ ၄ ကော်လံ ၁*

## ငါးပါးသီလခံယူဆောက်တည်

**ကွယ်လွန်သူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ရည်စူး၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်ကြီးများအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲတွင် ဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မိသားစုဝင်များ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။** (သတင်းစဉ်)





## အားပေးစကားပြောကြား

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ နိုင်ငံတော်ဈာပနအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားတိုင်းပြည်များမှ အစိုးရများ၏ အထူးကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး အမှူးပြုသည့် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ သံရုံး ယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မိသားစုဝင်များအား အားပေးစကားပြောကြားစဉ်။** (သတင်းစဉ်)



*စာမျက်နှာ ၃ မှ*

### အမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် ဆရာတော်က အနုမောဒနာတရားနှင့် ရေစက်ချတရားဟောကြားချီးမြှင့်တော်မူရာ ဝန်ကြီးချုပ်၏ဇနီးနှင့် မိသားစုဝင်များက နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် တပ်မတော်ဂုဏ်ပြုသေနတ်ပစ်အဖွဲ့ဝင် အရာရှိဦးစီး ခုနစ်ဦးတို့က နေရာယူကြပြီး သေနတ်မြှောက်၍ အလေးပြုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ဈာပနအခမ်းအနားကျင်းပရာ ငြိမ်းအေးဇရပ်မှ ပြန်လည်ထွက်ခွာသွားကြသည်။

### ပြန်လည်ထွက်ခွာ

ဆက်လက်၍ နိုင်ငံခြားတိုင်းပြည်များမှ အစိုးရများ၏ အထူးကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ရုပ်ကလာပ်အား ဂါရဝပြုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးအား အားပေးစကားပြောကြားကာ ငြိမ်းအေးဇရပ်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ထို့နောက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ငြိမ်းအေးဇရပ်မှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ အမှတ်တရဓာတ်ပုံကို ကိုင်ဆောင်သူက ရှေ့ဆုံးမှ ဦးဆောင်ပြီး ပန်းခွေ၊ ပန်းခြင်း သယ်ဆောင်သူများက ဆက်လက်လိုက်ပါကာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တပ်မတော် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ရုပ်ကလာပ်အား သယ်ယူကြ၍ ရုပ်ကလာပ်အား အမြောက်ယာဉ်ပေါ်သို့ တင်ဆောင်ကြသည်။

ယင်းနောက် သက်ပျောက် ရွှေရေအိုးခွဲပြီး ဈာပနအခမ်းအနားသို့ လိုက်ပါပို့ဆောင်ကြမည့်သူများ မော်တော်ယာဉ်များပေါ်၌ နေရာယူကြသည်။

### စတင်ထွက်ခွာ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ရုပ်ကလာပ်တင်ဆောင်ထားသော အမြောက်ယာဉ်သည် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် နိုင်ငံတော်ဈာပနာအခမ်းအနားကျင်းပမည့် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ စတင်ထွက်ခွာလာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ လိုက်ပါလာသော မော်တော်ယာဉ်ဝတ်အဖွဲ့ဝင်များ၏ မော်တော်ယာဉ်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ မိသားစုဝင်များလိုက်ပါလာသော မော်တော်ယာဉ်နှင့် ဈာပနအခမ်းအနားသို့ ပို့ဆောင်ကြသူများ လိုက်ပါလာကြသည့် မော်တော်ယာဉ်များသည် ရန်ကုန်–ပြည်လမ်း၊ ထိုမှတစ်ဆင့် ခရေပင်လမ်းအတိုင်း မောင်းနှင်လာပြီး မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ရုပ်ကလာပ်အား အမြောက်တင်ယာဉ်ပေါ်မှချ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့က ဂုဏ်ပြုအခမ်းအနားကျင်းပမည့် မင်္ဂလာဒုံစစ်သင်္ချိုင်းခန်းမသို့ သယ်ဆောင်ကြသည်။

### အလေးပြု

ယင်းနောက် မင်္ဂလာဒုံစစ်သင်္ချိုင်းခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ရုပ်ကလာပ်အား တပ်မတော်ဂုဏ်ပြုသေနတ်ပစ်အဖွဲ့ဝင် အရာရှိဦးစီး ခုနစ်ဦးတို့က သေနတ်မြေစိုက် ဦးခိုက်၍ အလေးပြုကြသည်။

ဆက်လက်၍ ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ပြန်တမ်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန၏ အမိန့်ပြန်တမ်းတို့ကို ဖတ်ကြားပြီး အဆိုပါ အမိန့်ပြန်တမ်းတို့အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ရုပ်ကလာပ်အတွင်းသို့ ထည့်သွင်းသည်။

### စစ်ခရာမှုတ်၍ ဂုဏ်ပြု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ရုပ်ကလာပ်အား တပ်မတော်ဂုဏ်ပြုသေနတ်ပစ်အဖွဲ့က သေနတ်ငါးချက်ပစ်ဖောက်၍ ဂုဏ်ပြုကြပြီး နောက်ဆုံးအကြိမ် သေနတ်မြေစိုက် ဦးခိုက်အလေးပြုကာ စစ်ခရာမှုတ်၍ ဂုဏ်ပြုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မိသားစုဝင်များက ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ရုပ်ကလာပ်အား နောက်ဆုံးအကြိမ် ကြည့်ရှုဂါရဝပြုကြသည်။

### သယ်ဆောင်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ရုပ်ကလာပ်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့က မီးသင်္ဂြိုဟ်စက်သို့ သယ်ဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ရုပ်ကလာပ်အား မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို ထုတ်ယူကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ အရိုးပြာထည့်သွင်းထားသော ကြေွအိုးအား ဗိုလ်ချုပ်ကြီးစိုးဝင်း၏သားဖြစ်သူက ဦးဆောင်ကာ မိသားစုဝင်များနှင့်အတူ ဂူသွင်းမည့်နေရာသို့ သယ်ဆောင်ကြသည်။

### ဂူအတွင်းထည့်သွင်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ အရိုးပြာကြေွအိုးအား ဂူအတွင်းထည့်သွင်း၍ ဂူပိတ်မှုကို ကြည့်ရှုကြသည်။

### ဂါရဝပြု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဂူဗိမာန်အား ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မိသားစုဝင်များက ဂါရဝပြုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ နိုင်ငံတော်ဈာပန အခမ်းအနား မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပြီးဆုံးသွားသည်။

### နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ဈာပနအခမ်းအနားမစတင်မီ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဗီလာအိမ်ရာရှိ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ နေအိမ်၌ ဗိုလ်ချုပ်ကြီးစိုးဝင်း၏ မိသားစုဝင်များက ကွယ်လွန်သူ ဗိုလ်ချုပ်ကြီးစိုးဝင်းအား ရည်စူး၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်ကြီးများအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩဘာသဝံသ ထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မိသားစုဝင်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်ကို နာယူကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဩဘာသဝံသ အမှူးပြုသော ဆရာတော်ကြီးများအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မိသားစုဝင်များက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### အနုမောဒနာတရားနာကြား

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မိသားစုဝင်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်၌ ဈာပနအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားအစိုးရများမှ အထူးကိုယ်စားလှယ်များနှင့် ရန်ကုန်မြို့ရှိ သံအမတ်ကြီးများ ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Dietrich Andreas မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။** (သတင်းစဉ်)

**ရန်ကုန် အောက်တိုဘာ ၁၄**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၂၀၀၇ခုနှစ် အောက်တိုဘာ ၁၂ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်ကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်ရုံးအဆောက်အအုံမုခ်ဦးဆောင်၌ ဖွင့်လှစ်ထားရှိရာ ယနေ့အောက်တိုဘာ ၁၄ရက်တွင်နိုင်ငံတော်ဝန်ကြီးချုပ်၏ ဈာပနအခမ်းအနားသို့ တက်ရောက်လာကြသည့်နိုင်ငံခြားအစိုးရများမှ အထူးကိုယ်စားလှယ်များ ဖြစ်ကြသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အထူးကိုယ်စားလှယ် Deputy Prime Minister and Minister for Foreign Affairs, H.E.Dr. Thongloun Sisoulith၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ အထူးကိုယ်စားလှယ် Special Advisor to the President, H.E.LT.Gen.Agus Witjoyo၊ အိန္ဒိယသမ္မတနိုင်ငံ အထူးကိုယ်စားလှယ် Minister for Tourism, H.E.Mrs.Ambika Soni နှင့် စင်ကာပူသမ္မတနိုင်ငံ အထူးကိုယ်စားလှယ် Senior Minister of the State for Foreign Affairs, H.E.Mr.Balaji Sadasiyan တို့သည်လည်းကောင်း၊ ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr. Mark Canning၊ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mme Ruth Schatz၊ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr Park Key-Chong၊ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Mark Canning မှတ်တမ်းတင်လက်မှတ် ရေးထိုးစဉ်။** (သတင်းစဉ်)

H.E.Mr.Dietrich Andreas၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D Samarase kera၊ ပြင်သစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Jean-Pierre LAFOSSE၊ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Giuseppe CINTI၊ ဆားဗီးယားသမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Dragan Janekovic၊ နီပေါနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Dilip Kumar Paudel၊ ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mrs.Folashi Kemi Victoria Aiyed၊ ဆော်ဒီအာရေးဗီးယားနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Naif Qaed M.AL Hantushi၊ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ သံမှူး Mr. Kim Kwang Choi နှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများ ဌာနေညှိနှိုင်းရေးမှူး Mr. Charles James Petrie တို့သည်လည်းကောင်း နံနက်ပိုင်းနှင့်မွန်းလွဲပိုင်းတို့တွင်လာရောက်၍ ဝမ်းနည်းကြောင်းအထိမ်းအမှတ် မှတ်တမ်းတင်စာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ အထူးကိုယ်စားလှယ် Special Advisor to the President, H.E. Lt. Gen Agus Witjoyo မှတ်တမ်းတင် လက်မှတ်ရေးထိုးစဉ်။** (သတင်းစဉ်)

## မိုးလေဝသ အခြေအနေ

၁၅–၁၀–၂၀၀၇

**နေပြည်တော်**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။**

**ရန်ကုန်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာမည်။**

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၃၉)ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၁၄**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၃၉)တွင် ကွန်ပျူတာ 'အ'သုံးလုံး သင်တန်းအစီအစဉ်နှင့် တစ်နိုင်ငံလုံး ကွန်ပျူတာသုံးနိုင်အောင် ဆောင်ရွက်မည်၊ စံချိန်စံညွှန်းမီ ပြည်တွင်းစားသောက်ကုန်ထုတ်လုပ်သူများကို ဆုများချီးမြှင့်ရန် စီစဉ်နေ၊ နေပြည်တော်တည်ဆောက်ရေးလုပ်ငန်းများအတွက် ရန်ကုန်မြို့တော်စည်ပင်က ငွေကျပ်သုံးဘီလီယံပေးရသည်ဆိုသည်မှာ ကောလာဟလတစ်ခုသာဖြစ်၊ လိုင်စင်မဲ့စီးပွားဖြစ် အလှမွေးငါးမွေးမြူသူများကို အရေးယူနေပြီ၊ အူမကြီးကင်ဆာ အမျိုးသားများတွင် ပိုဖြစ်ကြောင်းတွေ့ရ၊ အွန်လိုင်းဒီဖောင် အခက်အခဲကြောင့် လေဆိပ်၌ပင် ဒီဖောင်ထုတ်ပေးနေ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ 'လုပ်ငန်းနယ်ပယ်အားလုံးအတွက် အင်တာနက်'၊ 'ကမ္ဘာကြီးမှာ အကာအကွယ်မရှိတော့ဘူး' ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ကြိုတင်ထွက်ရှိလာပြီဖြစ်သည်။

'ဆာအဲလက်စ်ဖာဂူဆန်နဲ့အနိုင်ဗျူဟာ' အားကစား ဆောင်းပါးနှင့်အတူ ကမ္ဘာတစ်ရစ်ဆယ့်သုံးနှစ် လှူ့ခွန်အားသက်သက်ဖြစ်၊ ဖရန့်ဖို့စာအုပ်ပွဲတော် ထွန်းသစ်စနိုင်ငံများဈေးကွက်သို့ မှန်ဦးဖြစ်၊ ခြေနှင့်လက်ကို တုပ်နှောင်ထားသော ဆယ်နှစ်သမီး တစ်မိုင်ကျော်ရေကူးပြခဲ့၊ ဘင်္ဂလားဒေ့ရှ်ပြည်ပလုပ်သားများ လက်ခံမှု မလေးရှားနိုင်ငံရပ်တန့်၊ ကိုယ့်သမီးမဟုတ်သမို့ ထိတ်လန့်တုန်လှုပ် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၅–၁၀–၂၀၀၇ ရက် (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၀ ၇။ အဆိုပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ စီးပွားရေးပညာ၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ) [သင်္ချာ]
၁၇:၁၅ ၆။ အကပဒေသာ
၁၇:၂၅ ၇။ မြန်မာစာ မြန်မာစကား
၁၇:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
၁၇:၄၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၇:၅၀ ၁၀။ **မင်းမသိသေးပါဘူးကွာ** ဇော်၊ ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း အေးအေးခိုင် (ဒါရိုက်တာ–ဆွေဇင်ထိုက်)
၁၇:၅၅ ၁၁။ **၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) [အခြေခံပညာ ၁၀–၁၅နှစ်] (အမျိုးသား/အမျိုးသမီး)**
၁၈:၀၀ ၁၂။ ညနေခင်းသတင်း
၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၄။ အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၀ ၁၅။ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစား အဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (လက်ဝှေ့)
၁၉:၁၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သောရွှေနေခြည်** (အပိုင်း–၂၀)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပြုံးလှည့်ပါချစ်သူရယ်** (အပိုင်း–၁၄)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

# အမျိုးသားညီလာခံကြီးက ဆင်းသက်ပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုမည့် တိုင်းပြုပြည်ပြုဥပဒေဖြစ်

## အနာဂတ်နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေး အဖျက်လုပ်ရပ်များကို ပြည်သူ့စွမ်းအားဖြင့် တားဆီးကာကွယ်



နေပြည်တော် အောက်တိုဘာ ၁၄

**အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ မင်္ဂလာရွှေပြည်အားကစားကွင်း၌ ပဲခူးတိုင်း(အနောက်ပိုင်း)မှ မြို့မိမြို့ဖများက ဦးစီး၍ ဥပဒေနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပသည်။** (အပေါ်ပုံ)

### တက်ရောက်

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်းရှိ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့မှ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဌာနဆိုင်ရာများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ လူထုလူတန်းစားအသီးသီးမှ ပြည်သူများစုစုပေါင်း အင်အား ၁၁၀၀၀၀ ကျော် အင်တိုက်အားတိုက် တစ်ခဲနက် တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နံနက်၆နာရီခွဲမှစတင်လျက် စစ်ကြောင်းမှူး ဦးဝင်းထွန်းမြင့်နှင့် ဒုတိယစစ်ကြောင်းမှူး ဦးထွန်းထွန်းဦး ခေါင်းဆောင်၍ ပြည်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတည်၊ ရွှေတောင်နှင့် သဲကုန်းမြို့နယ်များမှ ပြည်သူလူထုအင်အား ၅၀၀၀၀ကျော်ပါဝင်သည့် ပြည်ခရိုင်စစ်ကြောင်းသည် ခုတင်(၂၀၀) ပြည်သူ့ဆေးရုံရှေ့စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး ဦးသန်းဇော်နှင့် ဒုတိယစစ်ကြောင်းမှူး ဦးအောင်နိုင်ဦး ဦးဆောင်၍ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်းနှင့် နတ်တလင်းမြို့နယ်များမှ ပြည်သူလူထုအင်အား ၆၀၀၀၀ကျော်ပါဝင်သည့် သာယာဝတီခရိုင်စစ်ကြောင်းသည် ခေတ္တရာမြို့သစ်စုရပ်မှလည်းကောင်း အခမ်းအနားကျင်းပသည့် မင်္ဂလာရွှေပြည်အားကစားကွင်းသို့ စစ်ကြောင်းပုံဖြင့် စနစ်တကျချီတက်၍ သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြသည်။

### သဘာပတိ

အခမ်းအနားတွင် သဘာပတိအဖြစ် မြို့မိမြို့ဖ ဟိုတယ်လုပ်ငန်းရှင် ဦးဝင်းမြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်အောင်ဝင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင် မြန်မာ့အာမခံလုပ်ငန်း တိုင်းဦးစီးမှူး ဒေါ်နော်စီဖိုးကျော်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ပြည်မြို့ ကွန်ပျူတာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်သန်းနွဲ့အောင်၊ ပဲခူးတိုင်း(အနောက်ပိုင်း)စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် နဝဒေးသကြားစက်ရုံ စက်ရုံမှူး ဗိုလ်မှူးခင်မောင်ညွှန့်(အငြိမ်းစား)၊ မြို့မိမြို့ဖ ပြည်မြို့နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ကျော်မြတ်နှင့် မြို့မိမြို့ဖ ခရိုင်ပညာရေးမှူး ဦးချစ်လှ(အငြိမ်းစား)တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်အိအိထွန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ခိုင်ရည်မွန်ထွန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာပြီး သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များသည် စင်မြင့်ပေါ်၌ နေရာယူကြသည်။

### နိုင်ငံတော်အလံအလေးပြု

ယင်းနောက် အခမ်းအနားမှူးက သဘာပတိခွင့်ပြုချက်အရ အခမ်းအနားစတင်ကျင်းပကြောင်း ကြေညာပြီး ပြည်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြင့်သိန်းက ဦးဆောင်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအားအလေးပြုကြသည်။

ထို့နောက် သဘာပတိ မြို့မိမြို့ဖ ဟိုတယ်လုပ်ငန်းရှင်ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၌ ယခင်က ပေါ်ပေါက်ခဲ့ပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများကို အသေးစိတ်လေ့လာသင်ခန်းစာယူပြီးမှ ညီလာခံ ကိုယ်စားလှယ်ကြီးများသည် ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း။

အခြေခံဥပဒေပေါ်ပေါက်ရန်အတွက် အမျိုးသားညီလာခံတစ်ရပ် ကျင်းပရန် အချိန်အတိုင်းအတာတစ်ခုအထိ လိုအပ်သည်မှန်သော်လည်း ယခုကျင်းပပြီးစီးခဲ့သည့် ညီလာခံသည် အနှောင့်အယှက်အဟန့်အတား မျိုးစုံကြောင့် လိုအပ်သည်ထက်ပိုပြီး အချိန်ကြာမြင့်ခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ညီလာခံသမိုင်းကြောင်းကို ပြန်ပြောင်းသုံးသပ်လျှင် ၁၉၉၃ခုနှစ် ဇန်နဝါရီ ၉ ရက်က စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံကြီးသည် အချိန်နှစ်နှစ်ခန့်အတွင်းတွင် အခြေခံမူ ၁၀၄ချက်နှင့် နိုင်ငံတော်အခန်း၊ နိုင်ငံတော်တည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲအခန်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့ကြပြီဖြစ်ကြောင်း။

### ကြိုဆိုထောက်ခံ

ကိုယ်စားလှယ်အစုအဖွဲ့အားလုံးက တက်ညီလက်ညီ အားတက်သရော ဆွေးနွေးတိုင်ပင်၍ အရှိန်ကောင်းနေစဉ်မှာပင် ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် နိုင်ငံရေးပါတီတစ်ခုက သဘာဝမကျသည့် တွေ့ဆုံမှုကို တင်ပြတောင်းဆိုပြီး အာဏာရရန်ကိုသာ ဖြတ်လမ်းကလိုက်ရန် ရည်ရွယ်ချက်ဖြင့် ညီလာခံကြီးကို ဖျက်လိုဖျက်ဆီး ကျောခိုင်းခဲ့ကြသည့်အတွက် ၁၉၉၆ခုနှစ် မတ် ၃၁ ရက်တွင် အမျိုးသားညီလာခံကြီးကို ယာယီရပ်ဆိုင်းခဲ့ရကြောင်း၊ သို့သော်လည်း အခြေခံဥပဒေသစ်တစ်ရပ်ကို အမျိုးသားညီလာခံကသာ စတင်သန္ဓေယူမျိုးစေ့ချရမည့် ဖြစ်စဉ်တရားနှင့် နိုင်ငံတော်၊ နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဦးထိပ်ထားပြီး ပေးအပ်လာသည့်တာဝန်ကို ကျေပွန်ပြီးမြောက်အောင်ဆောင်ရွက်နိုင်စွမ်းရှိသည့် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်သည် အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်နေသည့် ညီလာခံယန္တရားကြီးကို ၂၀၀၃ ခုနှစ် ဩဂုတ် ၃၀ရက်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အတူ တပ်လှန့်လှုပ်နှိုးပြီး ကြိုးပမ်းအားထုတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း၊ ဒီမိုကရေစီပန်းတိုင်ကို ချီတက်ကြရာတွင် မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့်သာလျှင် အောင်မြင်ပြီးမြောက်အောင် စနစ်တကျဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိနားလည်ကြသည့် ပြည်သူအများစုကြီးသည် လမ်းစဉ်(၇)ဆင့်ကို ကြိုဆိုထောက်ခံကြသည့် လူထုအစည်းအဝေးကြီးများကို ၂၀၀၃ခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာလများအတွင်းက မြန်မာတစ်နိုင်ငံလုံး တိုင်းနှင့်ပြည်နယ်အနှံ့ ခြိမ့်ခြိမ့်သဲသဲကျင်းပပြီး ပြည်သူ့ဆန္ဒကို ကမ္ဘာသိအောင်ပြသခဲ့ကြပြီးဖြစ်ကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် ယာယီအားဖြင့် ရပ်ဆိုင်းလျက်ရှိသော အမျိုးသားညီလာခံကြီးကို ၂၀၀၄ခုနှစ် မေ ၁၇ ရက်၌ ပြန်လည်ကျင်းပသည့်အခါတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ၊ အလုပ်သမား၊ လယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များစသည့် အစုအဖွဲ့များမှ ကိုယ်စားလှယ်စုစုပေါင်း ၁၀၈၈ ဦးအထိ ပိုမိုကျယ်ပြန့်ပြည့်စုံစွာ ပါဝင်တက်ရောက်လာခဲ့ကြကြောင်း။

### အမျိုးသားရေးမူဝါဒ

ထို့ကြောင့် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးတွင် ပြည်ထောင်စုအတွင်းရှိကြသည့် ဒေသအနှံ့ အလွှာပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးအားလုံးနှင့် နိုင်ငံရေးပါတီအသီးသီးတို့မှ ကိုယ်စားလှယ်များ ကျယ်ပြန့်ပြည့်စုံစွာ ပါဝင်ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကြသည့်အတွက် ရရှိလာသည့်အခြေခံမူများမှတစ်ဆင့်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တစ်ဦးကောင်း တစ်ယောက်ကောင်း တစ်ပါတီကောင်းအတွက် ကျဉ်းမြောင်းသည့်စဉ်းစားသုံးသပ်ချမှတ်မှုမျိုး မဟုတ်ဘဲ ကျယ်ပြန့်နက်ရှိုင်းသော စဉ်းစားတွေးခေါ်မှုများနှင့်အတူ မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ရေရှည်ခိုင်မြဲပြီး အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးကို အာမခံချက်ပြုနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်ခုအတွက် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံသားတိုင်းက တညီတညွတ်တည်းလက်ခံပြီး နိုင်ငံတော်အတွက် တကယ်အကျိုးရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ဖြစ်ရမည်ဖြစ်ကြောင်း။

ယခုအခါ မိမိတို့နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့် အောင်မြင်မှုများ ရရှိနေခြင်းကို မနာလိုမရှုဆိတ်သည့် ပြည်တွင်းပြည်ပမှအဖျက်သမားများသည် အနာဂတ်နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးလုပ်ငန်းစဉ်ကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးရန် ကြိုးပမ်းနေကြကြောင်း၊ အပြုသဘောလုပ်ရပ်နှင့် အဖျက်သဘောလုပ်ရပ်များကို ပြည်သူအားလုံးက ကွဲကွဲပြားပြား သိရှိနားလည် နေကြပြီဖြစ်သည့်အတွက် အဖျက်လုပ်ရပ်ကို ပြည်သူ့စွမ်းအားဖြင့် ကာကွယ်တားဆီးခဲ့ကြသကဲ့သို့ ရှေ့ကိုဆက်လက်ချီတက်ရာမှာလည်း သွက်လက်ညီညာအားမာန်ပါသောခြေလှမ်းများဖြင့် အဆင့်ဆင့်ပူးပေါင်းဆောင်ရွက်သွားကြမှာဖြစ်ကြောင်း သောင်းသောင်းဖြဖြ စုဝေးရောက်ရှိလာသည့် ယခုပြည်သူလူထုကြီးက သက်သေပြလျက်ရှိကြောင်း။

### ကာကွယ်စောင့်ရှောက်

နိဂုံးချုပ်အနေဖြင့် တိုင်းကျိုးပြည်ပြုအမျိုးသားရေးအင်အားစုများ၏ ဇွဲ၊ လုံ့လ၊ စေတနာအားနှင့် ပြည်သူပြည်သားတို့၏ အားပေးထောက်ခံမှုတို့နှင့်အတူ အောင်မြင်ပြီးစီးခဲ့ပြီဖြစ်သည့် ညီလာခံကြီးက ဆင်းသက်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုမည့် တိုင်းပြု၊ ပြည်ပြုဥပဒေဖြစ်သကဲ့သို့ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံ၊ ပါတီပေါင်းစုံတို့ မျက်နှာစုံညီဆွေးနွေးညှိနှိုင်းဆုံးဖြတ်ပြီး အနာဂတ်နိုင်ငံတော်ကြီးအတွက် ပန္နက်ရိုက် အုတ်မြစ်ချခဲ့ခြင်းလည်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံအောင်မြင်ပြီးမြောက်ခြင်းနှင့်အတူ နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ထာဝရကာကွယ်စောင့်ရှောက်နိုင်မည့် အခြေခံမူများ၊ အခြေခံသဘောတရားများ၊ စိတ်စေတနာကောင်းများလည်း ဝေဆာထုံမွှမ်းလျက် ပေါ်ထွက်လာခဲ့ပြီဖြစ်၍ ယင်းအခြေခံမူများနှင့်အညီ လောကကိုစောင့်ရှောက်နိုင်မည့် ခိုင်မာသည့်အခြေခံဥပဒေသစ်တစ်ခု စနစ်တကျပြုစုရေးဆွဲအောင်မြင်ပါစေကြောင်း ပြည်သူအပေါင်းက သောင်းသောင်းဖြဖြ ကြိုဆိုထောက်ခံကြပါစို့ဟု တိုက်တွန်းပြောကြားသည်။

### လက်တွဲပူးပေါင်းဆောင်ရွက်

ယင်းနောက် သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးခင်မောင်သွင်က အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းအဆိုကို ဖတ်ကြားတင်သွင်းရာတွင် ယနေ့ကာလသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး အပြည့်အဝလက်တွဲပူးပေါင်း ဆောင်ရွက်နေသည့် အချိန်အခါဖြစ်သည့်အပြင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရန် စတင်ပျိုးထောင် အကောင်အထည်ဖော် ဆောင်ရွက်နေချိန်လည်း ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မည်ဆိုသည်နှင့် မူဝါဒနှင့် ရည်ရွယ်ချက်များမတူညီကြသည့် ကွဲပြားခြားနားမှုရှိသည့် အဖွဲ့အစည်းပေါင်းစုံကပုဂ္ဂိုလ်များသည် နိုင်ငံတော်ကိုဦးစီးဦးဆောင်ပြုမည့် အဖွဲ့အစည်းများတွင် ပါရှိလာတော့မှာဖြစ်ကြောင်း၊ ယင်းသို့ အယူဝါဒအမျိုးမျိုး၊ အမြင်အသီးသီးနှင့် နိုင်ငံတော်ကိုဦးစီးဦးဆောင်ပြုကြရာတွင် နိုင်ငံတော်၏ အကျိုး၊ နိုင်ငံတော်တွင်းမှီတင်းနေထိုင်ကြသည့် ပြည်သူများ၏အကျိုးစီးပွားကို မဖောက်မပြန်ရှေးရှုဆောင်ရွက်သွားနိုင်ရန် ထိန်းကျောင်းပေးမည့် ပဋိညာဉ်စာချုပ်ကြီးသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရှိရန် မလွဲမသွေလိုအပ်ကြောင်း။

*စာမျက်နှာ ၇ ကော်လံ ၁*

15-10 (06) 1 10/15/07, 3:45 AM

# စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် ထူထောင်နိုင်ရေး နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး လက်တွဲပူးပေါင်းဆောင်ရွက်

**အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံ ကြိုဆိုပွဲ အခမ်းအနားကို ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ မင်္ဂလာရွှေပြည်အားကစားကွင်း၌ ကျင်းပရာ သဘာပတိ မြို့မိမြို့ဖ ဟိုတယ်လုပ်ငန်းရှင် ဦးဝင်းမြင့် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)



*စာမျက်နှာ ၆ မှ*

အမျိုးသား ညီလာခံ စတင်ကျင်းပခဲ့စဉ်က NLD ပါတီအနေဖြင့် အခြားကိုယ်စားလှယ်များနှင့်အတူ ပါဝင်တက်ရောက် ဆောင်ရွက်ခဲ့ပြီး အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူအချို့ကို ချမှတ်နိုင်ခဲ့ကြောင်း၊ သို့သော်လည်း ပြည်ပပယောဂများနှင့်အတူ NLD ပါတီမှ ကျောခိုင်းသွားခဲ့သည့်အတွက် အမျိုးသားညီလာခံကြီးသည် ၁၉၉၆ ခုနှစ် မတ် ၃၁ ရက်တွင် ယာယီအားဖြင့် ရပ်ဆိုင်းခဲ့ရကြောင်း။

သို့ရာတွင် တပ်မတော်အစိုးရသည် ဒီမိုကရေစီပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ ဦးတည်ချက်ရှိရှိ ကြိုးပမ်းချီတက်နေခြင်း ဖြစ်သည့်အတွက် ဒီမိုကရေစီစနစ်ကို ရှေးရှုသည့်လမ်းကြောင်းကို ပြတ်ပြတ်သားသား ရေးဆွဲပုံဖော်ခဲ့ကြောင်း၊ ၂၀၀၃ခုနှစ် ဩဂုတ် ၃၀ရက်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ရှေ့လုပ်ငန်းစဉ် ပထမအဆင့်အဖြစ်ဖြင့် ရပ်ဆိုင်းနေခဲ့သည် အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပနိုင်ခဲ့ကြောင်း။

ကော်မရှင်နှင့်ကိုယ်စားလှယ်များ စုစုစည်းစည်း ညီညီညွတ်ညွတ် ပူးပေါင်း၍ စေတနာမှန်စွာ ပါဝင်ညှိနှိုင်းဆွေးနွေးခြင်းကြောင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးဆုံးခဲ့ပြီး အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

## ကိုယ်တွေ့မျက်မြင်

၁၉၄၇ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့သည့် အခြေခံဥပဒေသည် လွတ်လပ်ရေး အရယူရန် အလျင်အမြန်ပြီးစီးအောင် ရေးဆွဲခဲ့ရခြင်း၊ တိုင်းရင်းသားအချင်းချင်း သံသယများ၊ မယုံသင်္ကာစိတ်များ အလွန်ကြီးမား နက်ရှိုင်းနေချိန်တွင် အချိန်အကန့်အသတ်ဖြင့် ရေးဆွဲခဲ့ရခြင်းဖြစ်သည့်အတွက် လက်တွေ့ဘဝနှင့် ကင်းကွာပြီး အန္တရာယ်ကြီးမားသော ကတိကဝတ်များဖြင့် ချည်နှောင်မိကြခြင်း၊ အခြေခံဥပဒေ ရေးဆွဲမှုဆိုင်ရာ အတွေ့အကြုံမရှိသေးသည့်အတွက် ပြည်ပက ပညာရှင်ဆိုသူများ၏ အကြံပြုချက်များ ရယူခဲ့ရခြင်း စသည့်အားနည်းချက်များရှိခဲ့ကြောင်း၊ အလားတူပင် ၁၉၇၄ခုနှစ် အခြေခံဥပဒေသည်လည်း တစ်ပါတီစနစ်နှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကိုအခြေခံ၊ အကာအကွယ်ပြုပေးသည့် ဥပဒေဖြစ်၍ တာရှည်မခံဘဲ ပြိုကွဲပျက်စီးခဲ့ရသည့်အပြင် ယင်းအားနည်းချို့ယွင်းချက်များကို ထောက်ပြအကြောင်းပြုပြီး ပြည်ထောင်စုနှောင်ရေးအတွက်ပါ ရင်လေးစရာများ တွေ့ကြုံခဲ့ရသည်မှာ မိဘပြည်သူများ ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့ကြောင်း။

ယခုအောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာကြည့်မည်ဆိုလျှင် အရင်က ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ပိုမိုခိုင်မာပြည့်စုံကြောင်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခုချမှတ်ထားသည့် အခြေခံမူများသည် တိုင်းရင်းသားများအခွင့်အရေးကို မြန်မာနိုင်ငံ၏ ပကတိအရှိတရားများအပေါ် အခြေခံပြီး အထူးပင်ပေးအပ်ထားသည်ဆိုသည်မှာ ထင်ရှားစွာ တွေ့ရမည်ဖြစ်ကြောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကချင်၊ ကယား၊ ကရင်နီနှင့် ရှမ်း စသည့် ပြည်နယ် လေးပြည်နယ်ဖြင့်သာ ဖွဲ့စည်းပေးထားကြောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ချင်း၊ မွန်နှင့် ရခိုင်အပါအဝင် တိုင်းရင်းသားများအတွက် ပြည်နယ်(၇)ခု ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယခုချမှတ်ထားသည့် အခြေခံမူများအရ အနာဂတ်နိုင်ငံတော်ကြီးကို ရှိရင်းစွဲတိုင်းဒေသကြီး(၇)ခု နှင့် ပြည်နယ်(၇)ပြည်နယ်အပြင် ‘ဝ’တိုင်းရင်းသားများအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း(၁)ခု၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်နှင့် ကိုးကန့်စသည့် တိုင်းရင်းသားများတို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကြီး (၅)ခုတို့နှင့် ဖွဲ့စည်းမှာဖြစ်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအာဏာများ၊ လုပ်ပိုင်ခွင့်များပါ စနစ်တကျဖြင့် ပိုမိုကျယ်ပြန့်စွာ သတ်မှတ်ပေးထားသည်ကို တွေ့ရကြောင်း။

အမျိုးသားညီလာခံကြီးအောင်မြင်ပြီးစီးသွားခြင်းသည် ဒီမိုကရေစီခရီးလမ်းအတွက် ပထမတာထွက်သည့်ခြေလှမ်းကို စတင်ချလှမ်းလိုက်ခြင်းသာဖြစ်ကြောင်း၊ ထိုမှပေါ်ထွက်လာသည့် အခြေခံမူများနှင့်အညီ ခိုင်မာမြဲမြံ၍ အားမာန်ပြည့်လျှမ်းသည့် ခြေလှမ်းသစ်များဖြင့် ဆက်၍ဆက်၍လျှောက်လှမ်းနိုင်ကြရန် လိုအပ်ကြောင်း၊ အေးချမ်းမှု၊ တည်ငြိမ်မှု၊ စည်းကမ်းလိုက်နာမှုတို့နှင့်ဒီမိုကရေစီသည် ခွဲခြားပြီး မတည်ရှိနိုင်ပါကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်း၍ ပန်းပေါင်းဝေဆာ၊ သာယာဝပြောသောလူ့ဘောင်လောကသစ်ကြီး၊ တစ်နည်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ကြွရောက်လာသည့် ပြည်သူလူထုကြီးတစ်ရပ်လုံးက ဝိုင်းဝန်းတည်ဆောက် စောင့်ရှောက်ကြရန် တင်ပြလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ထူထောင်ရေးအတွက် မရှိမဖြစ်လိုအပ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းနိုင်ရန် တိုင်းချစ်၊ ပြည်ချစ်စိတ်ဓာတ်ရှိကြသော တိုင်းရင်းသား နိုင်ငံသားတိုင်းက ဝိုင်းဝန်းပြီး အတည်ပြုပြဋ္ဌာန်းရန် လိုအပ်ပါကြောင်းတင်ပြရင်း **“အမျိုးသား ညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ကြိုဆိုထောက်ခံကြောင်း”** အဆိုကို လေးလေးနက်နက် တင်သွင်းလိုက်ပါကြောင်းဖြင့် အဆိုတင်သွင်းသွားသည်။

## လွတ်လပ်စွာ အမြင်ချင်းဖလှယ်

ဆက်လက်၍ ပဲခူးတိုင်း (အနောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင် အလယ်တန်းပြဆရာမ ဒေါ်နီနီစိုးက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးရာတွင် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးသည် အချို့ဆန္ဒစွဲ၊ ပုဂ္ဂိုလ်စွဲကြီးမားသူများ ပြောဆိုနေကြသကဲ့သို့ အစိုးရကဦးဆောင်ကျင်းပပြီး စေလိုရာစေခဲ့ခြင်းမဟုတ်ဘဲ ကော်မရှင်၏ဦးဆောင်မှုဖြင့် ကိုယ်စားလှယ်များသီးခြားလွတ်လပ်စွာ အပြန်အလှန်အမြင်ချင်းဖလှယ်နိုင်ခဲ့ကြခြင်းသည်ကိုလည်း ဖြည့်စွက်တင်ပြလိုကြောင်း။

၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲအပြီး ရွေးချယ်ခံကိုယ်စားလှယ်များ ပေါ်ထွက်လာခဲ့သော်ငြားလည်း နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့အကြား တာဝန်ဝတ္တရားများ၊ စည်းကမ်းကလနားများ၊ ကျင့်ဝတ်များကို ချမှတ်ထိန်းကျောင်းပေးမည့် အခြေခံဥပဒေတစ်ရပ် မရှိသေးခြင်းကြောင့် အခြေခံဥဒေပေါ်ပေါက်ရန် တည်ဆဲအစိုးရက မကထပြုပြီး ရွေးချယ်ခံကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ လူထုလူတန်းစား အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ စုပေါင်းစဉ်းစားဆောင်ရွက်နိုင်ရန် အခြေအနေတစ်ရပ်ကို ဖန်တီးပေးခဲ့ကြောင်း။

ဒီကမှ ကော်မရှင်၏ ဦးဆောင်မှုဖြင့် ညီလာခံကိုယ်စားလှယ်များ အကြေအလည်ညှိနှိုင်းဆွေးနွေးကြရင်း ယနေ့ ဤအခြေအနေထိအောင် ခရီးရောက်ခဲ့ခြင်းဖြစ်၍ အမှန်အတိုင်းပြန်သုံးသပ်ကြည့်လျှင် အမျိုးသားညီလာခံကို အစိုးရက ဦးဆောင်ကျင်းပခဲ့ခြင်းမဟုတ်ဘဲ ကော်မရှင်နှင့် ရွေးချယ်ခံကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံတော်ရှေ့ရေးအတွက် ဆွေးနွေးနိုင်မည့် အရည်အချင်းဖြင့် ပြည့်စုံသည့် ကိုယ်စားလှယ်များကသာ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ယင်းသို့ဆောင်ရွက်နိုင်စေရန် နိုင်ငံတော်က လိုအပ်သည့်အမိန့်များ ထုတ်ပြန်ပေးခဲ့ခြင်းသာ ဖြစ်သည်ဆိုသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ကြပြီးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို **“ဤသို့ကျင်းပရမည်၊ ဤသို့ မလုပ်ရ၊ ဤပုဂ္ဂိုလ်များဖြင့်သာ ဆောင်ရွက်ရမည်”**ဆိုသည့် ပြဋ္ဌာန်းချက် တစ်နည်းအားဖြင့် အမျိုးသားညီလာခံ လုပ်နည်းစည်းကမ်းဥပဒေဆိုသည်မှာ ကမ္ဘာပေါ်တွင် ယနေ့တိုင် သတ်မှတ်ချက်မရှိပါကြောင်း၊ ကိုယ့်တိုင်းပြည် ကိုယ့်အခြေအနေနှင့် အကောင်းဆုံးဖြစ်အောင် စဉ်းစားလုပ်ကိုင်ကြရခြင်းဖြစ်ကြောင်း။

ကိုယ့်လက်ထဲကို အာဏာမြန်မြန်ရောက်ဖို့လောက်ပင် စဉ်းစားပြီး တိုင်းပြည်နောင်ရေးကို တွေးခေါ်နိုင်စွမ်းမရှိသူများက အခြေခံဥပဒေဆိုသည်ကို ပေါ့ပေါ့လေးပင် သဘောထားနိုင်ကြကြောင်း၊ ပထမ ပင်လုံညီလာခံကာလတွင် လွတ်လပ်တော့မည့် မြန်မာနိုင်ငံတော်ကြီးကို ဝန်ကြီးချုပ်အဖြစ်အုပ်ချုပ်ရန် စိတ်ကူးယဉ်နေသည့် ဂဠုန်ဦးစောက **“ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲဖို့ကိစ္စဟာ လွယ်ပါတယ်၊ ကျုပ်ကို လက်နှိပ်စက်စာရေးတစ်ယောက်သာပေးပါ၊ ခင်ဗျားတို့ ဘယ်လိုဖွဲ့စည်း အုပ်ချုပ်ပုံမျိုး လိုချင်ကြသလဲ၊ ခင်ဗျားတို့လိုချင်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမျိုးကို ကျုပ်နာရီပိုင်းအတွင်း ဆွဲပေးမယ်”**ဟု အင်မတန်မှ ပေါ့တန်စွာ ပြောခဲ့ဖူးကြောင်း၊ ညီလာခံတက်လာသည့် လူထုကြီးက ဦးစောကို ဟားတိုက်လှောင်ပြောင်ခဲ့ကြကြောင်း၊ ဤသည်မှာ သမိုင်းတွင် တကယ်ဖြစ်ခဲ့ခြင်း ဖြစ်ကြောင်း၊ နာရီပိုင်းမဟုတ်ဘဲ အထိုက်အလျောက် ညှိနှိုင်းမှုများ၊ စေ့စပ်မှုများလုပ်ပြီး ရေးခဲ့ရသည့် (၄၇)ခုနှစ်အခြေခံဥပဒေမှာပင် မလွဲမရှောင်သာ ထည့်သွင်းရေးဆွဲခဲ့ရသည့် ကတိကဝတ်များကြောင့် မည်မျှဆိုးရွားသည့် အခြေအနေများကို ဦးတည်ခဲ့ပါသလဲဆိုသည်ကို သာမန်အတွေးအခေါ်ရှိလျှင်ပင် စဉ်းစားသိသာနိုင်ကြောင်း၊ ဤသို့ပင် မကြာသေးသည့် ၁၉၉၀ပြည့်လွန်နှစ်များဆီက **“ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်မတစ်ယောက်တည်းရေးမယ်၊ အမျိုးသားသင့်မြတ်စည်းရုံးရေးကို လိုလားတယ်ဆိုရင် ကျွန်မဆီ ဖုန်းကောက်ဆက်လိုက်ရင်ပြီးပါတယ်”**ဟု ပြောခဲ့ဆိုခဲ့သည်များလည်း ရှိခဲ့ပြန်ကြောင်း၊ လက်ထဲကို အာဏာမြန်မြန် ရောက်ရေးသာအဓိက စဉ်းစားနေကြကြောင်း၊ ယုံမှားသံသယမရှိလောက်သည့် သမိုင်းဖြစ်ရပ်မှန်များ ဖြစ်ကြောင်း၊ ကာယကံရှင်များ သက်ရှိထင်ရှား ရှိနေကြဆဲဖြစ်ကြောင်း။



**အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်သွင် ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့ဝင် အလယ်တန်းပြဆရာမ ဒေါ်နီနီစိုး ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



## သဘောတူချမှတ်

ဤတွင် ပြန်စဉ်းစားလျှင် အရှင်းသားပေါ်လွင်နေသည့် အချက်တစ်ရပ်မှာ အမျိုးသားညီလာခံ အစပိုင်းကတည်းက နိုင်ငံရေးပါတီအသီးသီး၊ ရွေးချယ်ခံကိုယ်စားလှယ်အသီးသီးနှင့် လူထုလူတန်းစားကိုယ်စားပြု အစုအဖွဲ့အသီးသီးတို့သည် ညီလာခံတက်ရမည့် ကိုယ်စားလှယ်အချိုးအစားနှင့် ဦးရေကို ကျေကျေနပ်နပ်ကြီး လက်ခံခဲ့ကြပြီး သဘောတူချမှတ်ထားသည့် ဦးတည်ချက်များအတိုင်း အချိန်အတိုင်းအတာတစ်ခုအထိ ချစ်ကြည်ရင်းနှီး ပွင့်လင်းစွာ လက်တွဲဆောင်ရွက်ခဲ့ကြသည့်အတွက် အခြေခံမူ ၁၀၄ချက်လုံးကို တညီတညွတ်တည်း ချမှတ်နိုင်ခဲ့ကြပြီးဖြစ်သည်ဆိုသည့် အချက်ပင်ဖြစ်ကြောင်း၊ ပယောဂများ ပူးကပ်မှုမရှိခဲ့ဘဲ သွေးရိုးသားရိုးဖြင့်သာ ဆောင်ရွက်နိုင်ခဲ့ကြလျှင် လွန်ခဲ့သည့် (၁၀)နှစ်လောက်ကတည်းက ညီလာခံကြီးပြီးစီးပြီး ခုချိန်တွင် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ဖွဲ့စည်းသည့် အစိုးရတစ်ရပ် ပေါ်ပေါက်နေလောက်ပြီဖြစ်ကြောင်း။

လက်တွေ့ဖြစ်ရပ်တွင် ညီလာခံလုပ်ငန်းစဉ်၏ လမ်းခုလတ်တွင် အမှောင့်ပယောဂများ ပူးကပ်ခြင်းခံခဲ့ရသည့် ပါတီတစ်ခု၊ ကိုယ်စားလှယ်တစ်ဖွဲ့ကြောင့် ညီလာခံလုပ်ငန်းစဉ်များ ရပ်တန့်သွားခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ သို့ရာတွင် အမျိုးသားရေးတာဝန်ကို မျက်ခြည်မပြတ် တစိုက်မတ်မတ်ဖြင့် ပြီးမြောက်အောင်မြင်သည်အထိ ကြိုးပမ်းထမ်းဆောင်လိုသည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် ကိုယ်စားလှယ်များအပါအဝင် အမျိုးသားရေးအင်အားစုများသည် ပယောဂတွေကြောင့် ရပ်တန့်နေသည့် ညီလာခံလုပ်ငန်းစဉ်များကို ၂၀၀၄ခုနှစ် မေ ၁၄ရက်တွင် ပြန်လည်စတင်နိုင်ခဲ့ကြကြောင်း၊ ဤတစ်ကြိမ်မှာလည်း အိမ်တိုင်ရာရောက် တလေးတစားဖိတ်ကြားချက်ကို တန်ဖိုးမထားဘဲ ကိုယ့်ကိုယ်ကိုထင်တစ်လုံးနှင့် စိတ်ကြီးဝင်နေသူတချို့က မဆီမဆိုင်တောင်းဆိုမှုများ၊ အဓိပ္ပာယ်မရှိသည့် အပေးအယူစကားများဆိုပြီး ညီလာခံကို ဒုတိယမ္ပိ ကျောခိုင်းကြပြန်ကြောင်း၊ ယခုတစ်ခါတွင် ကော်မရှင်နှင့် ညီလာခံကိုယ်စားလှယ် အမျိုးသားရေးအင်အားစုများသည် ဘယ်သူမပါ၍ အလုပ်မဖြစ်ဘူးဆိုသည်ကို စဉ်းစားတုံ့ဆိုင်းမနေတော့ဘဲ အောင်မြင်အောင် ဆောင်ရွက်မည်ဆိုသည့် စေတနာခွဲ၊ သန္နိဋ္ဌာန်စိတ်ဖြင့် ကြိုးပမ်းအောင်မြင်ခဲ့ကြကြောင်း။

## ညီညွတ်မျှတ

ယင်းသို့ တစ်ဖက်သတ်အယူအဆများ၊ အစွန်းတရားများ ကင်းနိုင်သမျှ ကင်းပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ညီညွတ်မျှတစွာ လောကပါလတရားနှင့်အညီ စဉ်းစားချမှတ်ခဲ့ကြသည့် အခြေခံမူများသည် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးကတစ်ဆင့် တင့်တယ်စွာပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း။

ဤအခြေအနေတွင် မစားရနိုင်သည့်အမဲ သဲဖြင့်ပက်မည့်သူများ၊ ဘုရားရှင်ကိုယ်တိုင်တောင်မှ ဘုရားအဖြစ်ရလုနီးအချိန်တွင် သဲဖြင့်ပက်သည့် မာရ်နတ်လိုပုဂ္ဂိုလ်များရှိသဖြင့် ပြည်သူအများသတိထားကြဖွယ် ဖြစ်ကြောင်း။

ဒီမိုကရေစီနိုင်ငံတော်သစ်ဆိုသည့် ပန်းတိုင်ကိုမြင်နေရပါပြီ၊ အခြေခံကောင်းများလည်း တည်ဆောက်ခင်းကျင်းပေးထားပါပြီ၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုစောင့်ရှောက်ပြီး လမ်းကြောင်းမှန်အတိုင်း ညီညာစွာ လျှောက်လှမ်းချီတက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း အဆိုရှင်၏ အဆိုကိုထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

## ခိုင်ခိုင်မာမာဖြစ်ထွန်း

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင် ပြည်မြို့ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ခင်မူမြင့်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ မိမိလူမျိုးတို့၏ တိုးတက်ကြီးပွားရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် နိုင်ငံတော်အတွင်း အေးချမ်းသာယာမှု အခြေခံကောင်းများ၊ အမျိုးသားစီးပွားရေး တိုးပွားခိုင်မာမှုအခြေခံကောင်းများ၊ နိုင်ငံသူ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ထက်သန်ခိုင်မာမှုစသည့် စွမ်းအားကောင်းများ ပြည့်စုံရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံမှာလည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်သစ်သို့ ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းနေပြီး နိုင်ငံ၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတစ်ဝန်းမှာ ဖြန့်ကြက်ပြီး အခြေခံခိုင်ခိုင်မာမာဖြင့် တိုးပွားဖြစ်ထွန်းနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။ *စာမျက်နှာ ၁၀ ကော်လံ ၁*

15-10 (07) 1 10/15/07, 3:45 AM



**အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ပြည်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ပြည်ခရိုင် ပြည်တွင်းအခွန်များဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်မှူးဝင်းအောင်ညို (အငြိမ်းစား) ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ပြည်မြို့ ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ခင်မူမြင့် ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

ထို့ကြောင့် ကိုယ်စားလှယ်အင်အား၏အနည်းစုဖြစ်သည့် လေးပုံတစ်ပုံအချိုးဖြင့် ပါဝင်ကြရန် အခြေခံမူချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တစ်ယောက်အားနှင့် သုံးယောက်အား မည်သည်ကများ၍ မည်သည်က နည်းသည်ဆိုသည်ကို မူလတန်းပညာရှိလျှင် သိနိုင်သဖြင့် ခေါင်းဆောင်လုပ်ရန်၊ ဗိုလ်လုပ်ရန် ပါဝင်လာကြခြင်းမဟုတ်ကြောင်း ထင်ရှားပြီးဖြစ်ကြောင်း။

နောက်တစ်ချက်မှာ ပါတီစုံစနစ်တွင် ဝန်ထမ်းအားလုံးသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ကြောင်း၊ တပ်မတော်သားသည် ပြည်သူ့ဝန်ထမ်းဖြစ်သည့်အတွက် မည်သည့်နိုင်ငံရေးပါတီတွင်မှ ပါဝင်ခွင့်မရှိကြောင်း၊ နိုင်ငံရေးပါတီများကို ကိုယ်စားပြုယှဉ်ပြိုင်ကြသည့် ရွေးကောက်ပွဲတွင် မည်သည့် ပါတီနှင့်မျှ မပတ်သက်သည့် တပ်မတော်သည် မည်သည့်ပါတီကိုကိုယ်စားပြုပြီး ရွေးကောက်ပွဲဝင်ရမှာလဲ၊ ပရိသတ်ကြီးပင်စဉ်းစားတော်မူကြပါဟု တင်ပြလိုကြောင်း၊ ထို့ကြောင့် အခြေခံဥပဒေအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ တင်သွင်းလာသော ကိုယ်စားလှယ်များသည် နိုင်ငံရေးပါတီ ကိုယ်စားလှယ်များထက် နည်းပါးသော အင်အားအချိုးဖြင့် တိုင်းကျိုးပြည်ကျိုးကို ဦးထမ်းပဲ့ထမ်း ဆောင်ရွက်ရန်အလို့ငှာ လွှတ်တော်အဆင့်ဆင့်၌ ပါဝင်ခွင့်ရရှိခြင်းသည် မျှမျှတတဖြင့်

# မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း မယိမ်းမယိုင်ချီတက်ပြီး အဖျက်အန္တရာယ်မှန်သမျှကို ပူးပေါင်းကာကွယ်တိုက်ဖျက်

*စာမျက်နှာ ၇ မှ*

အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအကြောင်းပြောလျှင် မကြားချင်၊ မမြင်လိုဘဲ ဆင်းရဲကျပ်တည်း၊ ရေကြီးသီးနှံပျက် သတင်းမျိုးမှ ကြားချင်၊ စည်းကမ်းမဲ့ ဆူပူမှုများနှင့် ပြည်သူများ ဒုက္ခဝေနေသည်ကိုမှ မြိန်ရေရှက်ရေ ပြောချင် မြင်ချင်ကြသည့် လူတန်းစားတစ်စု မိမိတို့တိုင်းပြည်တွင် ရှိနေပါကြောင်း၊ အမျိုးဘာသာ သာသနာနှင့် နိုင်ငံတော်၏ ပုံလွှာကို ဖျက်ဆီးပုတ်ခတ်ထားသည့် ဒေါ်လာစား ကော်လံစားများ၏ လှုံ့ဆော်မှုကို နားယောင်မိသူတချို့ကြောင့် ခုရက်ပိုင်းကလေးမှာပင် မိမိတို့ပြည်သူများ မည်မျှစိုးရိမ်ပူပန် လိုက်ကြရသည်ဆိုသည်ကို အထူးတင်ပြရန် လိုမည်မထင်ပါကြောင်း။

မသူတော်များ၏ လှုံ့ဆော်သွေးထိုးမှု ခြောက်လှန့်မှုများကြောင့် နားယောင်သူများတချို့ ရှိကောင်းရှိသော်လည်း ယင်းအဖျက်အင်အားထက် အမှန်တရားကို မြတ်နိုးပြီး ပြည်ထောင်စုကြီးကောင်းကျိုးကို မျှော်ကိုးလိုလားနေသည့် မိမိတို့ မိခင်များ၏အင်အားက သာလွန်ကြီးမားပါကြောင်း၊ အသိပေးတင်ပြလိုကြောင်း၊ မြန်မာ့လူနေမှုစနစ်၏ဓလေ့ထုံးစံအရ အိမ်ထောင်စုတိုင်းတွင် မိခင်၏မေတ္တာတရားဖြင့် ပြောကြားသွန်သင် ပဲ့ပြင်ထိန်းကျောင်းမှုများ ရှိနေသကဲ့သို့ ဆရာမိဘဆုံးမစကား လေးစားလိုက်နာတတ်သည့် သားကောင်း သမီးကောင်း ရတနာများကလည်း အများစုဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် သားကောင်းမိခင်များနှင့် မိခင်ကောင်းတို့၏ ရင်သွေးရတနာများက အမိနိုင်ငံတော်ကြီးကို လက်တွဲဝန်းရံစောင့်ရှောက်သွားကြမည်ဖြစ်ကြောင်းကိုလည်း တင်ပြလိုကြောင်း။

တကယ်ဆိုလျှင် ၁၉၈၈နောက်ပိုင်းမှ ယနေ့အထိ တပ်မတော်နှင့် ပြည်သူ လက်တွဲပြီး ပြုပြင်တည်ဆောက်၍ ပေါ်ပေါက်လာသည့် အခြေခံအဆောက်အအုံများ လူမှုရေး၊ ကျန်းမာရေးအခြေခံကောင်းများ၊ သာသနိကအဆောက်အအုံများ၊ ဘုရားပုထိုးများ လက်ညှိုးထိုးမလွဲအောင်ရှိသကဲ့သို့ ကျက်သရေရှိလှသည့် ဘာသာသာသနာရေးဆိုင်ရာ အခမ်းအနားများ လှူပ်ရှားမှုများလည်း မရေမတွက်နိုင်အောင်ရှိကြောင်း၊ သို့ရာတွင် လူထုပရိသတ်ကြီး ပြန်စဉ်းစားကြည့်လျှင် အစိုးရကို အမှတ်ပေးရမှာဖြစ်ကြောင်း၊ မြန်မာပြည်ကို ကမ္ဘာက အထင်ကြီးမှာစိုး၍ထင်ပါသည်။ အဆိုပါမြင်ကွင်းမျိုး၊ သတင်းမျိုး ၎င်းတို့သတင်းဌာနများ၊ ရုပ်သံအစီအစဉ်များတွင် တစ်ခါဆို တစ်ခါဖူးမှ မမြင်တွေ့ဖူးခဲ့သည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ရုတ်ရုတ်သဲသဲ ဆူပွဲပူပွဲသတင်းကျလျှင် တစ်ရက်၊ နှစ်ရက်ဖြင့် ပြီးသွားသည်ကိုပင် ထပ်ခါထပ်ခါ တစ်ချိန်လုံးပြ၊ ၂၀၀၇ခုနှစ် မြင်ကွင်းဖြင့် အားမရ၍ ၈၈ခုနှစ်က လူအုပ်စုများကိုပြန်ပြလိုပြဖြင့် ရေဒီယိုလည်း ရေဒီယိုမို့ နိမိတ်ပြအမေးနှင့် အဖြေနှင့် တစ်ဖက်စောင်းနင်း သုံးသပ်ချက်နှင့် အကွက်ကိုစေ့နေအောင် အလွန်တရာမှ စေတနာထား ကြိုးစားတင်ဆက်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းသို့ဆိုလျှင် ၎င်းတို့စေတနာကို သဘောပေါက်သင့်ပြီဖြစ်ကြောင်း၊ ယင်းပြကွက်နှင့် ထုတ်လွှင့်ချက်အမေးအဖြေများသည် ဓားသွားပေါ်က ပျားရည်စက်များဆိုသည်ကို နားလည်သင့်ကြပြီဖြစ်ကြောင်း။

## လက်တွဲကာကွယ်

နိုင်ငံတော်၌ ဖြစ်ထွန်းပေါ်ပေါက်နေပြီဖြစ်သည့် အခြေခံကောင်းများနှင့် အမျိုးသားညီလာခံကြီးကတစ်ဆင့် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးလေးနက်နက်ထောက်ခံကြိုဆိုရင်း ပေါ်ပေါက်လာမည့် အဖျက်အန္တရာယ်မှန်သမျှကို ပြည်သူလူထုကြီးနှင့်အတူ လက်တွဲကာကွယ်သွားမည်ဟု ပဲခူးတိုင်း(အနောက်ပိုင်း)က မိခင်အားလုံးတို့ကိုယ်စား လေးစားစွာတင်ပြလိုက်ရပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ဆက်လက်၍ ပြည်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ပြည်ခရိုင် ပြည်တွင်းအခွန်များဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်မှူးဝင်းအောင်ညို(အငြိမ်းစား)က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ ပြီးခဲ့သည့် သမိုင်းကြောင်းကိုပင်ကြည့်ကြည့် မျက်မှောက်ကာလ ပစ္စုပ္ပန်အခြေအနေကိုပင်ကြည့်ကြည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအင်အား၊ တစ်နည်းအားဖြင့် တပ်မတော်အင်အားတောင့်တင်းသည့် နိုင်ငံများသည် တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်ထိန်းသိမ်းနိုင်ပြီး နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အာရုံစိုက်နိုင်ကြသကဲ့သို့ တပ်မတော်ခေတ်နောက်ကျ၊ ခေတ်မမီသည့်အထဲ အင်အားချည့်နဲ့အောင် နည်းမျိုးစုံဖြင့်ဖြိုခွဲခံရပြီဆိုသည်နှင့် တစ်ပြိုင်နက် ပြည်တွင်းအကြမ်းဖက်သမားများက ဗုံးခွဲ၊ ကျူးကျော်စော်ကားသည့် နိုင်ငံခြားတပ်ကဗုံးကြဲ၊ မည်းမည်းမြင်ရာ အဆမတန်ပစ်ခတ်ဖျက်ဆီးပြီး မီးလောင်တိုက်သွင်းခံရသကဲ့သို့ နေ့စဉ်နှင့်အမျှ လောကငရဲခံစားနေကြရသည်ကို တီဗွီခလုတ်ဖွင့်လိုက်သည်နှင့် မမြင်ချင်အဆုံးဖြစ်နေသည့်သာဓကများဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုကင်းမဲ့သည့်တိုင်းပြည်တွင် ဖွံ့ဖြိုးတိုးတက်ရန်၊ ချမ်းသာကြွယ်ဝဖို့ဆိုသည်မှာ စိတ်ကူးထဲ၌ပင် မထည့်နိုင်သည့်အရာဖြစ်ကြောင်း၊ ယနေ့ကြွရောက်လာသည့်လူထုကြီးအပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့်ပြည်သူတစ်ရပ်လုံး လိုလားသည်မှာ တည်ငြိမ်အေးချမ်းရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဖြစ်ကြောင်း၊ ကျူးကျော်စော်ကားမှုကို လက်မခံ၊ မည်သည့်နိုင်ငံကိုမှ မျက်နှာချိုသွေးစရာမလို၊ ကိုယ့်တိုင်းပြည်ကို လုံခြုံအောင်၊ တည်ငြိမ်အောင် စောင့်ရှောက်နိုင်စွမ်းရှိသည့် ရာနှုန်းပြည့်အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်ရေးပင်ဖြစ်ကြောင်း၊ သို့ရာတွင် အရေးကြုံတိုင်း၊ ပြည်သူလူထုကို အသက်ပေးစောင့်ရှောက်လာခဲ့ရသည့် တပ်မတော်ကို ရန်သူလိုမြင်၊ ကိုယ်အာဏာရရန်အရေး တစ်ဆွေလုံးတစ်မျိုးလုံးပင် ပေးရ ပေးရ၊ ပြည်ပတပ်ကြီးများဝင်လာကြရန်ဖိတ်ခေါ်၊ ကိုယ့်ပြည်ထောင်စု တပ်မတော်ကိုတော့ ဖက်ဆစ်လို စွပ်စွဲပြီး ဖြိုခွဲရန် အတိအလင်းကြံစည်နေကြသည်ကိုလည်း ပြည်သူလူထုက ကောင်းကောင်းကြီး သဘောပေါက်ထားကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်နိုင်ငံတော်သစ်အတွက် အမျိုးသားညီလာခံကြီးက တညီတညွတ်တည်းချမှတ်ခဲ့သည့် အခြေခံမူများအရ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ **"တပ်မတော်ဟာ အင်အားတောင့်တင်း ခေတ်မီတဲ့ တစ်ခုတည်းသော တပ်မတော်ဖြစ်ရပါမယ်၊ တပ်မတော်ဟာ တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲစီရင် ဆောင်ရွက်ပိုင်ခွင့်ရှိပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ လက်နက်ကိုင် တပ်ဖွဲ့အားလုံးရဲ့ အကြီးအကဲ ဖြစ်ပါတယ်၊ တပ်မတော်ရဲ့အဓိကတာဝန်တွေကတော့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်နဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်"**အဓိကတာဝန်ရှိကြောင်း။

ထို့အပြင်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက်ဦးတည်ထားသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းအချက်ဖြင့်ပတ်သက်၍ တပ်မတော်ကိုအမြင်မကြည်လင်သူများက "တပ်မတော်က နိုင်ငံရေးဦးဆောင်မှုအခန်းကို ယူလိမ့်မယ်" ဟု မှားယွင်းစွာလိုရာဆွဲအဓိပ္ပာယ်ဖွင့်ပြီး စွပ်စွဲပုတ်ခတ်ကြသည်များလည်း ရှိခဲ့ကြောင်း၊ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုဆိုသည့် အဓိပ္ပာယ်ထဲတွင် နိုင်ငံတော်အတွက် အဓိကအကျဆုံးအရေး(၃)ပါးအောင်မြင်ရေး၊ ဒီမိုကရေစီရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ပါဝင်ကြောင်း၊ ထို့လောက် ကြီးမားကျယ်ဝန်းနက်ရှိုင်းသိမ်မွေ့သည့် အမျိုးသားနိုင်ငံရေးတာဝန်ကြီး မတိမ်းမစောင်းရအောင် ထိန်းကျောင်းသည့်နေရာတွင် နိုင်ငံရေးပါတီများက ကိုယ်စားလှယ်များနည်းတူ တိုင်းပြည်အပေါ် အချိန်မရွေး အသက်ပေးတာဝန်ကျေခဲ့သည့် တပ်မတော်သားများမှာလည်း တာဝန်ရှိကြောင်း၊ ထို့ကြောင့် အမြင့်မားဆုံးသော ပြည်ထောင်စုလွှတ်တော်မှသည် တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ် လွှတ်တော်များတွင် တပ်မတော်ကို ကိုယ်စားပြုသည့် တပ်မတော်သားကိုယ်စားလှယ်များသည် အမျိုးသားနိုင်ငံရေးတာဝန်များကို ရွေးချယ်ခံ ကိုယ်စားလှယ်များနှင့်အတူ ဦးထမ်းပဲ့ထမ်း၊ ထမ်းဆောင်ခွင့်ရရှိရန် စေတနာအမှန်ဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ စစ်လက်နက်နှင့် နည်းပညာများ မယုံနိုင်လောက်အောင် ထွန်းကားတိုးတက်နေသည့် ယခုခေတ် ယခုအခါတွင် အဆုံးအဖြတ် တစ်ရက်နောက်ကျမှုသည် ပိုင်နက်နယ်မြေမိုင်ပေါင်း သိန်း၊ သောင်းချီသည့် ဆုံးရှုံးမှုကိုဖြစ်စေနိုင်သကဲ့သို့ အသက်အိုးအိမ်ပျက်စီး ဆုံးရှုံးမှုများလည်း ကြီးမားစွာဖြစ်စေနိုင်ကြောင်း သတိထားမိပြီး နိုင်ငံရေး ဦးဆောင်ကဏ္ဍတွင် တပ်မတော်က တစ်စိတ်တစ်ပိုင်းအားဖြင့် ဥပဒေနှင့်အညီ ပါဝင်ထမ်းဆောင်ရေးသည် မည်မျှအရေးပါသည်ဆိုသည်ကို သဘောပေါက်ကြမည်ဖြစ်ကြောင်း။

## လက်တွေ့သာဓက

တပ်မတော်သား ကိုယ်စားလှယ်များအဖြစ် လွှတ်တော်၌ပါဝင်ရေးနှင့် ပတ်သက်၍ တချို့က **"လွှတ်တော်မှာ ပြည်သူလူထု ရွေးကောက်ခြင်းခံရတဲ့ ပုဂ္ဂိုလ်များသာ ပါဝင်သင့်တယ်"**ဟု မဖြစ်ညစ်ကျယ်ဒီမိုကရေစီသဘောတရားဖြင့် ဟောကြားညွှန်ပြနေကြသည်ကိုလည်း တွေ့ဖူးကြောင်း၊ ယင်းအယူအဆသည် ယနေ့ကမ္ဘာပေါ်မှာရှိသည့် ဒီမိုကရေစီနိုင်ငံအများစု၌ လက်တွေ့ကျင့်သုံးပုံနှင့် ကွဲလွဲနေကြောင်း၊ ဒီမိုကရေစီ စံနှုန်းကို နိုင်ငံတကာက မိမိနည်းမိမိဟန်ဖြင့်သာ လက်ခံကျင့်သုံးသည်ဆိုသည်ကို နားမလည်ရှာသည့် တတ်ယောင်ကား ဒီမိုကရေစီ ဝါဒသမားများ၏ အယူအဆသာဖြစ်ကြောင်း၊ ဒီမိုကရေစီဘိုးအေနိုင်ငံဖြစ်သည့် ဗြိတိန်နိုင်ငံ အထက်လွှတ်တော်၌ ရွေးကောက်ပွဲမဝင်ဘဲ မှူးမတ်၇၅၀ကျော်ကို ရာသက်ပန်အမတ်အဖြစ် ခန့်အပ်ထားသည်ဆိုသည်ကို ၎င်းတို့မသိရှာကြ၍ ဖြစ်ကြောင်း၊ အလားတူပင် အိမ်နီးချင်း အာရှနိုင်ငံများထဲက အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့အပါအဝင် ဒီမိုကရေစီနိုင်ငံအချို့၏ လွှတ်တော်များတွင် တပ်မတော်သား ကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ ပါဝင်ခွင့်ပြုထားသည်မှာ လက်တွေ့သာဓကများရှိကြောင်း၊ နိုင်ငံတော်၏ ပထဝီနိုင်ငံရေးနှင့် သမိုင်းပေးသင်ခန်းစာများအရ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုတွင် တပ်မတော်နှင့် လက်တွဲမထားဘဲ နိုင်ငံရေးသမားများချည်းသာ သွားမည်ဆိုလျှင် ခလုတ်ထိမှအမိတရမည့် အခြေအနေမျိုးကြုံနိုင်ကြောင်း၊ ထိုအခါ အချိန်များစွာ နှောင်းသွားပြီဖြစ်နိုင်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ခေတ်မီဖွံ့ဖြိုးရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးတို့တွင် အာမခံချက်ပေးနိုင်မည့် အခြေခံကောင်းတစ်ခုဖြစ်ပါ၍ လှိုက်လှဲစွာကြိုဆိုပါကြောင်းဖြင့် အဆိုရှင်၏ အဆိုကိုထပ်ဆင့်ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ယင်းနောက် နတ်တလင်းမြို့မှ မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးထွန်းဇော်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် မိမိအနေဖြင့် ဤညီလာခံကြီးက ချမှတ်လိုက်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံမူများသည် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်ရန် မည်မျှအာမခံချက်ပေးစွမ်းနိုင်မည်ဆိုသည်ကို ဆွေးနွေးတင်ပြသွားမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံဟု သမိုင်းမှာ စတင်လာကတည်းက တိုင်းရင်းသားလူမျိုးစုပေါင်းများစွာ စုစည်းဖြစ်တည်လာခဲ့ခြင်းဖြစ်ကြောင်း အားလုံးသိရှိကြပြီးဖြစ်ကြောင်း။

## နည်းမျိုးစုံ ဖန်တီးနှောင့်ယှက်

တစ်ဖက်မှာလည်း ပထဝီနိုင်ငံရေး အနေအထားအရ ဒေသတွင်းမှာ မြန်မာနိုင်ငံသည် အချက်အချာဖြစ်နေပြန်ကြောင်း၊ အာရှတိုက်က ပေါ်ထွက်လာမည့် ပြိုင်ဘက်ကိုထိန်းချုပ်ရန် အနီးကပ်ဆုံးဖြစ်သည့် မြန်မာနိုင်ငံ၌ ဩဇာခံအစိုးရ ပေါ်ပေါက်လာအောင်၊ မြန်မာနိုင်ငံတွင် ခြေကုတ်ရအောင် လုပ်ရန်သည် ယနေ့ အနောက်အုပ်စုခေါင်းဆောင်နိုင်ငံကြီးအတွက် အရေးတကြီး လိုအပ်ချက်ဖြစ်နေကြောင်း၊ လက်ရှိ တပ်မတော်အစိုးရသည် သူ့တပည့်မခံ၊ သူ့ဩဇာမခံ၍ ယခုအစိုးရမပြုတ်ပြုတ်အောင် နည်းမျိုးစုံဖန်တီးနှောင့်ယှက်နေသည့်တိုင်အောင် နိုင်ငံခြားရေးနှင့် စပ်လျဉ်းသည့်အခြေခံမူတစ်ရပ်အဖြစ် "နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ ချထားခွင့်မပြု" ဆိုသည့်အခြေခံမူကို အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခု၏ ဂုဏ်သိက္ခာနှင့်အညီ ရှင်းလင်းပြတ်သားစွာ ထည့်သွင်းထားသည်လည်း တွေ့ရမှာဖြစ်ကြောင်း၊ ဤသည်မှာ နိုင်ငံတော်ရှေ့ရေးအတွက် အလွန်အရေးကြီးသည့် အခြေခံမူတစ်ရပ်ဖြစ်ကြောင်း၊ အာဏာရရန် ထိုနိုင်ငံကြီးများဖြင့် ပလူးပလဲလုပ်၊ အချုပ်အခြာအာဏာကို ထိပါးခံပြီး မသင့်မလျော် အခွင့်အရေးတွေပေး၊ သူ့ဘက်က မျက်နှာသာပေးမှုဖြင့် မဖြစ်စလောက် ပေးစာကမ်းစာကို မျှော်လင့်နေကြသည့် ပုဂ္ဂိုလ်များသည် ခေတ်အဆက်ဆက်မှာရှိနေကြခြင်းဖြစ်သည့်အတွက် ထိုအယူအဆရှိသူများ အာဏာရလာလျှင် တိုင်းပြည်ချောက်ထဲမကျနိုင်အောင် အခြေခံဥပဒေ၌ အတိအလင်းထည့်သွင်း ကာကွယ်ထားရခြင်းဖြစ်ကြောင်း၊ အထက်တွင် နေရာယူထားသည့်ဖြစ်ရပ်များ ဆန့်ကျင်ဘက်အုပ်စု၏ ရန်လိုခံရမှုနှင့် စစ်ရေးခြိမ်းခြောက်မှုများကို မလွဲမသွေ ရင်ဆိုင်လာရသည့် သာဓကများရှိနေဆဲဖြစ်ကြောင်း၊ အထက်ကတင်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏အရေးပါလှသည့် ပထဝီအနေအထားအရ မြန်မာ့မြေတွင် စစ်စခန်းဖွင့်ခွင့်ပင်ရရ၊ အစိုးရကိုပင် တပည့်မွေးရမွေးရ ထို့ထက်ပို၍ ပြည်ထောင်စုမြေကို တစ်စိတ်ပင်ရရ၊ တစ်ဖဲ့ပင်ရရ အသုံးချချင်နေသည့် ဒီမိုကရေစီကယ်တင်ရှင်ယောင်ဆောင်ထားသူများသည် ပြည်ထောင်စုကြီးထဲက နယ်မြေတစ်စိတ်တစ်ပိုင်း ပဲ့ထွက်လာဖို့ကိုလည်း အမြဲတစေ ကြံစည်အားထုတ်လျက်ရှိသည်ဆိုသည်ကို အားလုံး နားလည်ထားကြပြီဖြစ်ကြောင်း၊ နယ်ချဲ့သမား၏ သွေးထိုးမြှောက်ပင့်မှုကို သံယောင်လိုက်ပြီး လူမျိုးစုတိုင်းက သီးခြားအချုပ်အခြာအာဏာရ ပြည်နယ်များအဖြစ်နှင့် ကွန်ဖက်ဒရေးရှင်းဟု ခေါ်သည့် ပြည်နယ်ပေါင်းချုပ် နိုင်ငံအဖြစ် ထူထောင်ဖို့ဆိုသည်မှာ အမျိုးအနွယ် ၁၀၀ကျော်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် လက်တွေ့တွင် မည်သို့မျှ ကောင်းကျိုးမရနိုင်ဘဲ အနောက်ဆရာကြီးများ၏ ထောင်ချောက်အတွင်း တစ်စစီ တစ်ဖဲ့စီ သက်ဆင်းသွားရမည့်လမ်းကြောင်းဆိုသည်မှာ ထင်ရှားလှကြောင်း၊ အမျိုးသားရေးတာဝန်ကျေပွန်ကြသည့် ညီလာခံကိုယ်စားလှယ်တော်ကြီးများကလည်း ပြည်ထောင်စုနောင်ရေး စိတ်အေးစေရအောင် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းသည့် အခြေခံမူတစ်ရပ်အဖြစ် "နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ"ဟု အခိုင်အမာချမှတ်နိုင်ခဲ့ကြသည်ကိုလည်း တွေ့ရကြောင်း၊ အလားတူပင် တိုင်းရင်းသားများနှင့် စပ်လျဉ်းသည့် အခြေခံမူများအဖြစ်–

(က) နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။

(ခ) နိုင်ငံတော်သည် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီမည်။

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

15-10 (10) 1 10/15/07, 3:45 AM

*စာမျက်နှာ ၁၀ မှ*

(ဂ) နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည် တို့ပါဝင်သော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီဆောင်ရွက်မည်။

ဆိုသည့်အချက်များ အတိအလင်း ထည့်သွင်းချမှတ်နိုင်ခဲ့ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အသက်ဝိညာဉ်လို့ ဆိုနိုင်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ကို ဖန်တီးဖော်ဆောင် စောင့်ရှောက်သွားမည့် အခြေခံမူများနှင့်အညီ ရေးဆွဲထွက်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ကိုယ်စား လှိုက်လှဲစွာ ထောက်ခံကြိုဆိုပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

## ကာကွယ်ထိန်းသိမ်း

ဆက်လက်၍ နတ်တလင်းမြို့မှ မြို့မိမြို့ဖ တစ်ဦးဖြစ်သူ ဦးတင့်လွင်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် မိမိတို့၏ ပြည်ထောင်စုမြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်ကျွန်ဘဝတွင် ပညာသားပါပါ သွေးခွဲအုပ်ချုပ်ခြင်း ခံခဲ့ရသည့်အတွက် သပ်လျှိုသွေးခွဲမြှောက်ပင့်ပေးသည့် နယ်ချဲ့ကို ကျေးဇူးရှင်ဟု အထင်ရောက်၊ ရန်သူစစ်စစ်ကပျောက်သွားပြီး တစ်သက်လုံးအတူနေခဲ့ကြသည့် တိုင်းရင်းသားတွေအချင်းချင်းတွင် သံသယများ အမုန်းတရားများနှင့် စစ်ခင်း တိုက်ခိုက်ခဲ့ကြရသည့် ဝမ်းနည်းစရာ အဆိုးသံသရာက ခုမှလူးလွန့်နိုးထစပင် ရှိသေးသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အချင်းချင်းညီညွတ်မှုမရှိလေ အကွဲအပြဲများ များလေ၊ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဖြစ်၍ မီးလောင်ရာလေပင့်၊ အဆင်း ဘီးတပ်သည့်လုပ်ရပ်ဖြင့် တပည့်ခံသူကို အကူအညီပေး အမွှမ်းတင်၊ စင်တင်ပွဲထုတ် အချင်းချင်း ခုတ်ထစ်သတ်ဖြတ်စေခဲ့သည်မှာ ရန်သူစစ်စစ်ဖြစ်သည့် နယ်ချဲ့၏လုပ်ရပ်ဖြစ်ကြောင်း။



အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို နတ်တလင်းမြို့မှ မြို့မိမြို့ဖ ဦးတင့်လွင် ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)



အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို နတ်တလင်းမြို့မှ မြို့မိမြို့ဖ ဦးထွန်းဇော် ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)

ညီလာခံကြီးပြီး၍ လမ်းပြမြေပုံအတိုင်း တစ်ဆင့်ပြီးတစ်ဆင့်ချီတက်သွားတော့မည့်အခါ အနာဂတ်နိုင်ငံတော်၌ ကျောချစရာနေရာတောင် ရပ့်မလားဟု စိုးရိမ်စိတ်များလွန်ကဲလာသည့် အာဏာကိုအလစ်ချောင်း ရယူရေးသမားများသည် လမ်းစဉ်(၇)ရပ် ပျက်သုဉ်းရေးအတွက် အားသွန်ခွန်စိုက် တိုက်ခိုက်နေကြပြန်ပြီဖြစ်ကြောင်း၊ ယခုအခါလုပ်နည်းလုပ်ဟန်ကလည်း ၈၈ ခုနှစ်ကလမ်းစဉ်အတိုင်း အတိအကျပင်ဖြစ်ကြောင်း၊ အင်တာနက်၌ မိုးသီးဇွန် လွှင့်တင်ထားသည့် လူထုတိုက်ပွဲ မြေအောက်လက်စွဲဆိုသည့် ပြည်တွင်းဆူပူရေး လမ်းညွှန်ချက်ရှိကြောင်း၊ ၁၉၈၈ခုနှစ်တုန်းက လူထုဆူပူအုံကြွလာအောင် မည်သို့လုပ်ခဲ့ကြသည်၊ ယခုမည်သို့လုပ်ကြပါတော့လားဆိုသည့် လူထုလှုံ့ဆော်ရေး နည်းလမ်းများဖြစ်ကြောင်း။

လူထု မကျေမနပ်ဖြစ်နိုင်မည့် စီးပွားရေးကျပ်တည်းမှု၊ လောင်စာဆီဈေးကြီးမြင့်မှုကို ထောက်ပြ၊ ကြွေးကြော်သံအဖြစ်တင်၊ စတင်လှုံ့ဆော်၊ လမ်းဘေးလူအုပ်ထဲတွင် ဒလန်များထည့် ယင်းဒလန်များကစပြီး ထောက်ခံကြဆိုသည့်လုပ်နည်းပင်ဖြစ်ကြောင်း၊ ပြည်သူထဲ၊ အလုပ်သမားထဲ၊ ကျောင်းသားထဲ လှုံ့ဆော်လူစု၍ မရသည့်အခါ ဘာသာရေးကိုရက်ရက်စက်စက်ခုတုံးလုပ်အသုံးချပြီး လူထုကို ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ ကွန်မြူနစ်ဝါဒအရ အလုပ်လုပ်မှထမင်းစားရသည့် ခံစားခွင့်ရှိရမည်။ ထို့ကြောင့်ရဟန်းသံဃာကို အချောင်သမားလူတန်းစားထဲ ထည့်သွင်းသတ်မှတ်ခဲ့သည်မှာ ဗကပဖြစ်ကြောင်း၊ အာဏာရလျှင် ရွှေတိဂုံစေတီတော်မြတ်ကြီးက ရွှေများကို နိုင်ငံတော်ဘဏ္ဍာလုပ်ရန်ကြိုးစားခဲ့သည်မှာလည်း ဗကပပင်ဖြစ်ကြောင်း၊ သာသနာကို နိုင်ငံရေးခုတုံးလုပ်သည်လောက်ကတော့ မဆန်းကြောင်း၊ ၈၈ခုနှစ်တုန်းက မိန်းကလေးကို အဓမ္မကျင့်ခန်းအင်တာဗျူးဖြင့် လူထုကိုဖောက်ခွဲကြောင်း၊ ဤဓာတ်လမ်းကရိုးသွားပြီ၊ လူသိသွားပြီဆိုသည့်အခါ သံဃာကို နှိပ်စက်ခန်းဖြင့် လှုံ့ဆော်နေကြပြန်ကြောင်း။

## အကြံအဖန်မေးမြန်း

ယနေ့အခါတွင် ငပွကြီး၏မီဒီယာများက BBC၊ VOAတွင်မက RFA၊ DVB တို့ပါ အင်အားများ တိုးပွားလာခဲ့ပြီဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးတွင် မည်သည့်နေရာ မည်သို့ဖြစ်နေသလဲဆိုသည်ကို ချက်ချင်းသတင်းယူ၊ ရုပ်ရှင်ရုပ်သေးဓာတ်ပုံများ ရယူထုတ်လွှင့်နိုင်စွမ်းရှိနေကြပြီဖြစ်ကြောင်း၊ သံဃာများလမ်းပေါ်ထွက် လမ်းလျှောက်သည်ကို ချက်ချင်းသတင်းရိုက်လွှင့်နိုင်သည့် သတင်းဌာနများသည် သံဃာတော်ကို ကြိုးကွင်းစွပ်ဖမ်း၊ ဓာတ်တိုင်မှာကြိုးတုပ်ရိုက်ပါသည်ဆိုသည့် သတင်းကြမှ မူရင်းပုံမရ၍ သဏ္ဌာန်တူသရုပ်ပြလုပ်ပြီးမှ ရိုက်ကူးထုတ်လွှင့်ရသည် ဆိုသည်မှာ အံ့ဩစရာကောင်းလှကြောင်း၊ အဖြေကတော့ရှင်းကြောင်း၊ ဖြစ်ရပ်မှန် သတင်းမှန်မဟုတ်၍ ဖြစ်ကြောင်း၊ ယင်းလုပ်ကြံဖောက်ခွဲမှုကို ယုံကြည်ပြီး လမ်းပေါ်၌ ဘုန်းကြီးများ လူစုလူဝေးများဖြစ်မှ ထိန်းမနိုင်သိမ်းမရဖြစ်ပြီး အစိုးရပြုတ်ကျမည်ဟု တွက်ကိန်းများထုတ်ပြီး လှုံ့ဆော်ရေးလုပ်ငန်းကြီးကို အားသွန်ခွန်စိုက် အာပေါင်အာရင်းသန်သန်ဖြင့် လေပုပ်ထုတ်ရန် ၎င်းတို့၏ အသံလွှင့်ချိန်များပင် တစ်နာရီစီ တိုးချဲ့ထားကြပြီဖြစ်ကြောင်း၊ သို့ရာတွင် သိက္ခာသမာဓိတရားကြီးမားပြီး ရဟန်းတရားကိုသာ အားထုတ်တော်မူကြသည့် ဆရာတော်ကြီးများ၏ ဟောကြားညွှန်ပြထိန်းသိမ်းမှုဖြင့် ဆူပူမှုကိုအော့ကြောလန်ပြီး အေးချမ်းတည်ငြိမ်မှုကို လက်ခံလိုသည့် ပြည်သူ့ဆန္ဒအစစ်အမှန်ကြောင့် ရက်ပိုင်းအတွင်း ပယောဂပူးကပ်နေသည့် စိတန်းလမ်းလျှောက်မှုများ ပပျောက်ခဲ့ပြီဖြစ်ကြောင်း။

ယင်းဌာနများက မြန်မာပြည်၌ ဆူနာမီဖြစ်သည်ဆိုလျှင် လူများအများကြီးသေ၊ အိမ်များအများကြီး ပျက်သည်ဆိုမှ လက်ခံကြောင်း၊ မဟုတ်လျှင် မယုံဘူးဟုဆိုကြောင်း၊ မြန်မာပြည်တွင် ရေကြီးလျှင် လူများ၊ ကျွဲနွားများ အများကြီးသေ၊ အိမ်များ လယ်များပျက်မှ ကြိုက်ကြောင်း၊ မဟုတ်လျှင် မယုံဘူးဟု ဆိုကြောင်း၊ အစိုးရက သတင်းမှန်မလွှင့်ဘူး၊ ပြည်သူကို ညာသည်ဟုဆိုကြောင်း၊ ကုန်ဈေးနှုန်းများကြီးသည်ဟု ၎င်းတို့က အော်ပြီးလျှင် တကယ်ဈေးများကြီးပြီး ဆင်းရဲကျပ်တည်းစေချင်သည့်စေတနာ ၎င်းတို့တွင် အပြည့်ရှိကြကြောင်း၊ ရေကြီးပြီဆိုလျှင် မြန်မာပြည်သူများ သေကျေပျက်စီးစေချင်သည့် စေတနာ ၎င်းတို့တွင် အပြည့်ရှိကြကြောင်း၊ ပြည်သူများ မည်သည့်နေ့ မည်သည့်ရက် လမ်းပေါ်ထွက်ကြလိမ့်မည်ဟု အခါပေးပြီးလျှင် တကယ်ဆူပူသတ်ဖြတ်စေချင်သည့်စေတနာ ၎င်းတို့တွင် အပြည့်ရှိကြောင်း၊ ထိုအတိုင်းဖြစ်သယောင်လည်း ပြည်တွင်းက ဖွတ်ကလိဒင်္ဂါး ဒေါ်လာစားများက ကြမ်းပိုးကိုလိပ်လုပ်ပြီး သတင်းပေး ဖြေကြားကြကြောင်း။

နိဒါန်းပိုင်းတွင် မိမိတင်ပြခဲ့သကဲ့သို့ပင် ယနေ့ နိုင်ငံတော်သည် ချမှတ်ထားသည့် လမ်းစဉ်(၇)ရပ်အတိုင်း ဒီမိုကရေစီနိုင်ငံတော်သစ်သို့ စနစ်တကျ ကူးပြောင်းနေပြီဖြစ်ကြောင်း၊ အောင်မြင်ပြီးမြောက်သည့်အဆင့်တိုင်း၊ လုပ်ငန်းတိုင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြသကဲ့သို့ အချိန်တိုင်း၊ အဆင့်တိုင်းမှာလည်း သတိကြီးစွာ ထားရန်လိုအပ်ကြောင်း တင်ပြလိုကြောင်း၊ သူခိုးဓားပြဆိုသည်မှာ လက်ထောက်ချသည့် အိမ်တွင်းသစ္စာဖောက်ရှိလျှင် ခိုးရတိုက်ရသည်မှာ အင်မတန်လွယ်ကြောင်း၊ မြန်မာနိုင်ငံ၌ သူခိုးဓားပြလက်ထောက်ချသည့် ဒေါ်လာအပင်းသွင်းခံထားရသူများ အာဏာအချောင်နှိုက်လိုသူများ ရှိနေသည်ကို မိမိတင်ပြခဲ့ပြီးဖြစ်ကြောင်း။

## ပူးပေါင်းကာကွယ်

မိမိတို့အနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း မယိမ်းမယိုင် ချီတက်နိုင်ရန် ပထမခြေလှမ်းဖြစ်သည့် အမျိုးသားညီလာခံနှင့် ထွက်ပေါ်လာမည့် အခြေခံဥပဒေကို အလေးအနက် ကြိုဆိုထောက်ခံရင်းခလုတ်ကန်သင်းနှင့် အဖျက်အန္တရာယ်မှန်သမျှ ပူးပေါင်းကာကွယ်သွားကြမည်ဖြစ်ပါကြောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်သူ ၂ဒသမ၄သန်း ကိုယ်စား လှိုက်လှဲစွာ တင်ပြအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထုထံ သဘောထားဆန္ဒကိုရယူရာ တက်ရောက်လာကြသော ပြည်သူလူထုက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းအဆိုကို တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် ဤအစည်းအဝေးက အတည်ပြုကြောင်း ကြေညာသည်။

## ဒို့လျှောက်မည့်လမ်း ပန်းတွေနဲ့ဝေ

❑ သူငယ်ချင်း . . .
မင်းလည်းသိသည် ခေတ်မီဖွံ့ဖြိုး
တိုးတက်စည်ဝေ ဒီမိုကရေစီ
နိုင်ငံပြည်သစ် ပေါ်ထွန်းဖြစ်ရေး
အလေးပေးလျက် နိုင်ငံရေးနှင့်
စီးပွားရေးလူမှု ချမှတ်ပြုသည်
ဦးတည်ဆယ့်နှစ်ချက် ကွက်လပ်မကျန်
မြန်ပြည်အရပ်ရပ် နယ်စပ်ဒေသ
လှပတိုးတက် လက်ချင်းဆက်ကာ
သာယာခဲ့ပြီသူငယ်ချင်း။

❑ ပြည်မပြည်နယ် ဆက်သွယ်ဖောက်ထား
လမ်းတံတားနှင့် ကျောင်းများဆေးရုံ
လုံးစုံသွယ်သွယ် လယ်ယာဆည်မြောင်း
ကန်ချောင်းပြည့်စုံ ကုံလုံတိုးတက်
သီးနှံထွက်တိုး ဖွံ့ဖြိုးစည်ပင်
ရှစ်ခွင်အနှံ့ သတင်းပျံ့ကာ
သူငါကြည်ဖြူ ပြည်သူတွေထဲ
မင်းလည်းဝင်ပါ ငါလည်းပါလို့
သာဓုခေါ်တယ်သူငယ်ချင်း။

❑ လုပ်ဆဲကိုင်ဆဲ ခက်အခဲကို
ဇွဲနပဲနှင့် တစ်ခါလဲမူ
တစ်ခါထူ၍ ဘယ်သူကူကူ
မကူကူငြား လျှောက်သွားကိုယ့်လမ်း
ပေးကမ်းမလို မြန်မာဆိုတာ
ကိုယ့်ရွာကိုယ့်ပြည် ကိုယ့်ဌာနီမှာ
စားစရာနေစရာ သုံးစရာဖူလုံ
ပြီးပြည့်စုံလို့ မှန်တိုင်းထန်ထန်
လေဆန်ကိုလိုက် လှေရွက်တိုက်မည့်
သံမဏိစိတ်ထား ရှိပြီးသားမို့
ဒို့လျှောက်မည့်လမ်း ခရီးကြမ်းစေ
ပန်းတွေဝေဆဲသူငယ်ချင်း။ ။

**ဖိုးရန်နိုင်(ကျောက်ကြီး)**

## တစ်ခဲနက်ကြွေးကြော်

ယင်းနောက် တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ပြည်ထောင်စုမပြိုကွဲရေး(ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး(ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်(အောင်ရမည်၊ အောင်ရမည်) ဟူသော ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက် ၉နာရီ မိနစ်၄၀တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

**(သတင်းစဉ်)**

**ယနေ့ နိုင်ငံတော်သည် ချမှတ်ထားသည့် လမ်းစဉ် (၇)ရပ်အတိုင်း ဒီမိုကရေစီနိုင်ငံတော်သစ်သို့ စနစ်တကျ ကူးပြောင်းနေပြီဖြစ်၊ အောင်မြင်ပြီးမြောက်သည့် အဆင့်တိုင်း၊ လုပ်ငန်းတိုင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြသကဲ့သို့ အချိန်တိုင်း၊ အဆင့်တိုင်းမှာလည်း သတိကြီးစွာ ထားရန် လိုအပ်။**

# ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ အထိနာ

## အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှုအတွင်း အီရတ်အရပ်သားများ သေဆုံးမှုစုံစမ်းရန် ကုလတိုက်တွန်း

ဘဂ္ဂဒက် အောက်တိုဘာ ၁၄

**အမေရိကန်တပ်ဖွဲ့အနေဖြင့် အမျိုးသမီးနှင့်ကလေးစုစုပေါင်း ၁၅ဦး သေဆုံးရသည့် လေကြောင်းတိုက်ခိုက်မှုကို အလေးအနက်စုံစမ်းရန် အီရတ်ရှိ ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့မှ အောက်တိုဘာ ၁၂ရက်က တိုက်တွန်း လိုက်ပြီး စုံစမ်းတွေ့ရှိချက်များကို လူသိရှင်ကြား ထုတ်ဖော်ကြေညာရမည် ဖြစ်ကြောင်း၊ သို့မှသာ သင်ခန်းစာယူနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။**

### ထုတ်ပြန်

စစ်ဆင်ရေးများတွင် အရပ်သားများလုံခြုံရေးသည် ထိပ်တန်းဦးစားပေး လုပ်ငန်း ဖြစ်သင့်ကြောင်း အီရတ်ရှိ ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့က အောက်တိုဘာ ၁၁ရက်တွင် ထုတ်ပြန်သည့် လူ့အခွင့်အရေး အစီရင်ခံစာ၌ ဖော်ပြထားသည်။ မကြာမီက အမေရိကန် လေကြောင်းတိုက်ခိုက်မှုများတွင် အီရတ်အရပ်သားများ သေဆုံးသူ အရေအတွက်ကိုလည်း မီးမောင်းထိုးပြလိုက်သည်။

### သေဆုံး

၂၀၀၃ခုနှစ်တွင် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား ဖယ်ရှားပြီး ကတည်းက အောက်တိုဘာ ၁၁ရက် စစ်ဆင်ရေးတွင် အရပ်သားများ သေဆုံးမှု အရေအတွက်သည် အမေရိကန် တပ်ဖွဲ့က အသိအမှတ်ပြုလက်ခံသည့် အများဆုံး သေဆုံးမှုတစ်ရပ်ဖြစ်သည်။

### မြေစာပင်

အရပ်သားများမှာ တစ်ဖက်နှင့်တစ်ဖက် ယှဉ်ပြိုင်တိုက်ခိုက်နေမှုကြားတွင် မကြာခဏ မြေစာပင်ဖြစ်နေကြရကြောင်း၊ မိမိတို့သည် လုံခြုံရေးကိစ္စများကိုနားလည်သဘောပေါက်ကြောင်း၊ သို့သော်အရပ်သားများ ဘေးအန္တရာယ်ကင်းရှင်းရေးကို တတ်နိုင်သမျှ ဂရုပြုကြရမည်ဟု မျှော်လင့်ကြောင်း၊ ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဆက်အရီကက်က ပြောကြားသည်။

### တိုက်ခိုက်

အောက်တိုဘာ၁၁ရက်ကဘဂ္ဂဒက်မြို့တော် မြောက်ပိုင်း အယ်လ်ခိုင်ဒါ ထိပ်တန်းခေါင်းဆောင်များ ခိုအောင်းရာဒေသအဖြစ် သင်္ကာမကင်းသည့် နေရာများကို အမေရိကန်ရဟတ်ယာဉ်များက တိုက်ခိုက်သဖြင့် ကလေးကိုးဦး၊ အမျိုးသမီး ခြောက်ဦးနှင့် အကြမ်းဖက်သမား၁၉ဦး သေဆုံးခဲ့သည်။

**အမ်အင်န်အေ၊ရိုက်တာ**



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အင်တာနက်ကဖေးတစ်ခု၌ အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၁၃ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

## ဘဂ္ဂဒက်၌ မော်တာကျည်ဖြင့် တိုက်ခိုက်ခံရ ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၁၄

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီးတွင် အောက်တိုဘာ ၁၃ရက်က မော်တာကျည်ဖြင့် တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး အခြားငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။**

### ဆေးကုသပေး

**အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်ပြီး မည်သို့ဖြစ်ရသည်ကို သေချာစွာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ဒဏ်ရာရရှိသော အမေရိကန်တပ်ဖွဲ့ဝင်များအား ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။**

### အရေအတွက်

**အီရတ်ကို အမေရိကန်တို့ ၂၀၀၃ခုနှစ် မတ်လမှ စတင်ကျူးကျော်ခဲ့ပြီးနောက် အောက်တိုဘာ ၁၃ရက်အထိ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၃၈၂၃ဦးရှိကြောင်း သိရသည်။** (အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## အယ်လ်ခိုင်ဒါအကျဉ်းသားကိုတိုက်ခိုက်သူ ဗြိတိသျှအကျဉ်းသား အရေးယူခံရ

**လန်ဒန် အောက်တိုဘာ ၁၄**

အင်္ဂလန်နိုင်ငံမြောက်ပိုင်း လုံခြုံရေးတင်းကျပ်သော ထောင်တစ်ခုတွင် ယခုနှစ်စောစောပိုင်းက ထောင်သားတစ်ဦးသည် ဗြိတိန်နိုင်ငံ၏ အယ်လ်ခိုင်ဒါ အကျဉ်းသားများထဲမှ တစ်ဦးကို တိုက်ခိုက်ခဲ့မှုကြောင့် တရားစွဲဆို ခံထားရကြောင်း အောက်တိုဘာ ၁၂ရက်၌ ရဲတပ်ဖွဲ့က ပြောကြားသည်။

### ပြောကြား

ဗြိတိန်နိုင်ငံတွင် ဗုံးအကြီးအကျယ်ဖောက်ခွဲတိုက်ခိုက်ရန် စီစဉ်မှုနှင့် အမေရိကန် ဘဏ္ဍာရေး အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးရန် ကြံစည်မှုဖြင့် ထောင်အနှစ် ၃၀ ကျခံနေရသူ အသက် ၃၅နှစ်ရှိ ဒိုင်ရင်န်ဘာရော့ထ်သည် ဇူလိုင်လအတွင်းက ဖြစ်ပွားခဲ့သော ခိုက်ရန်ဖြစ်ပွားမှုတွင် ၎င်း၏ ဦးခေါင်းပေါ်သို့ ရေနွေးပူနှင့် ဆီပူတို့ဖြင့် လောင်းချခံရကြောင်း ၎င်း၏ရှေ့နေက ပြောကြားသည်။

### ပူးပေါင်းကြံစည်

လွန်ခဲ့သည့်နှစ်က လူသတ်ရန် လှို့ဝှက် ပူးပေါင်း ကြံစည်ခဲ့သည်ဟု ဝန်ခံခဲ့ပြီး ဥရောပတွင် လှုပ်ရှားနေသည့် ထိပ်တန်းအယ်လ်ခိုင်ဒါ ခေါင်းဆောင်များအနက် တစ်ဦးဖြစ်သည်ဟု ဗြိတိန်နှင့် အမေရိကန်အာဏာပိုင်တို့၏ ထင်မှတ်ခြင်းကိုခံရသူ သူမ၏ အမှုသည်သည် ဘဝတစ်သက်တာ အမာရွတ်များ ထင်ကျန်ခဲ့ပြီဖြစ်ကြောင်း ရှေ့နေ မတ်ဒ်က်ဆာအရာနီက ပြောကြားခဲ့သည်။

**အမ်အင်န်အေ၊ရိုက်တာ**



## ဆိုယုဇ်အာကာသယာဉ် နိုင်ငံတကာအာကာသစခန်းယာဉ်နှင့် ချိတ်ဆက်မိ

**ဘိုင်ကိုနူး အောက်တိုဘာ ၁၄**

ပထမဆုံး မလေးရှားအာကာသယာဉ်မှူး ရှိတ်မူဇာဖာရူကာ **(အပေါ်ပုံ)**သည် အာကာသရှိ နိုင်ငံတကာအာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)သို့ ရောက်ရှိသွားပြီ ဖြစ်သည်။

### လိုက်ပါသွား

ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနူး အာကာသစခန်းမှ လွန်ခဲ့သည့် နှစ်ရက်က လွှတ်တင်လိုက်သည့် ရုရှားဆိုယုဇ် အာကာသယာဉ်ဖြင့် မစ္စတာရူကာ လိုက်ပါသွားခြင်း ဖြစ်သည်။ ၎င်းနှင့်အတူ ရုရှားအာကာသယာဉ်မှူး ယူရီမက်ချင်ကိုနှင့် အမေရိကန်အာကာသယာဉ်မှူး ပက်ဂီဝှစ်ဆန်တို့ လိုက်ပါသွားကြသည်။

### တာဝန်ယူ

ဖီးစ်ဝှစ်ဆန်သည် အာကာသစခန်းယာဉ်၏ ပထမဆုံးသော အမျိုးသမီး အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ယူမည်ဖြစ်ပြီး မစ္စတာမလင်ချင်ကိုသည် နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)တွင် ခြောက်လကြာ နေထိုင်မည်ဖြစ်သည်။

### နေထိုင်

မစ္စတာရူကာသည် အာကာသစခန်းယာဉ်တွင် ကိုးရက်ကြာ နေထိုင်ပြီး တာဝန်ပြီးဆုံးသွားသည့် အာကာသယာဉ်မှူးများနှင့်အတူ ကမ္ဘာမြေသို့ ပြန်လာမည်ဖြစ်သည်။ **(အင်တာနက်)**

## ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်



- ❐ ယူကရိန်း နိုင်ငံ အရှေ့ပိုင်း ဒီနီပရိုပက်ထရော့မြို့တွင် အောက်တိုဘာ ၁၃ ရက်က ၁၀ ထပ် အဆောက် အအုံ တစ်ခု၌ ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်ပွားရာကိုးဦးသေဆုံးပြီး အများအပြား ဒဏ်ရာ ရရှိခဲ့ကြောင်း ယူကရိန်း မီဒီယာများက သတင်း ထုတ်ပြန်သည်။ **(ယာပုံ)**
- ❐ **မလေးရှား နိုင်ငံ တောင်ပိုင်း ဂျိုဟာပြည် နယ် တွင် အောက်တိုဘာ ၁၃ ရက်က လူ၁၀၀ ကို တင်ဆောင်လာသော ကူးတို့သင်္ဘောငယ်တစ်စင်း မီးလောင်မှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ငါးဦးဒဏ်ရာ ရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**
- ❐ စပိန်နိုင်ငံအရှေ့ပိုင်းဒေသများတွင် အောက်တိုဘာ၁၃ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ နေအိမ်များပျက်စီးပြီး ဒေသခံပြည်သူ ထောင်ပေါင်းများစွာတို့အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။
- ❐ **တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် အရှေ့ပိုင်းတွင် အောက်တိုဘာ ၁၃ရက်က မြေပြိုမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး နေအိမ်များ ပျက်စီးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**
- ❐ အဇာဘိုင်ဂျန်နိုင်ငံမှ ရဟတ်ယာဉ်တစ်စင်း အောက်တိုဘာ ၁၄ရက်က မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသော ခြောက်ဦးစလုံး သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။
- ❐ **တူရကီနိုင်ငံအရှေ့တောင်ပိုင်းတွင် အောက်တိုဘာ ၁၃ရက်က မြေမြှုပ်မိုင်း တစ်ခုပေါက်ကွဲခဲ့ရာ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက် သတင်း၌ဖော်ပြသည်။**
- ❐ အင်ဒိုနီးရှားနိုင်ငံတွင် အောက်တိုဘာ ၆ရက်မှ အောက်တိုဘာ ၁၃ရက်အထိ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူအရေအတွက်မှာ စုစုပေါင်း ၁၁၂ဦးရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။
- ❐ **အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ မြောက်ပိုင်းရှိ ဥမင်တစ်ခုအတွင်း အောက်တိုဘာ၁၃ရက်က ကုန်တင်ကား ၁၂စီးဆင့်ကဲတိုက်မိခဲ့ရာ ၁၀ဦး ဒဏ်ရာရရှိသွားခဲ့ပြီး မော်တော်ယာဉ်များလည်း ပျက်စီးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။** (အောက်ပုံ)



15-10 (12) 1 10/15/07, 3:46 AM



## ဝါကျွတ်အထူးလက်ဆောင်

**အော်ရာမင်–ဂျီ** အားဆေးကို ဝယ်ယူအားပေးကြသော မိဘပြည်သူများသို့ ကျေးဇူးတုံ့ပြန်သောအားဖြင့် " ငွေကျပ် (၁၀,၀၀၀) " ဖိုးအထိ အခမဲ့ ကျန်းမာရေးစစ်ဆေးခွင့် (သို့) ဆေး (၂)ဘူးဖြင့် လဲလှယ်ခွင့် " ကူပွန် " စောင်ရေ (၅,၀၀၀)ကို ရွှေရောင်ဘူးနှင့်ဝါကျွတ်သံဘူးအချို့ထဲတွင် ထည့်ပေးထားပါသည်။

အမြင့်မားဆုံးဂါရဝတရားကို အကောင်းဆုံးပြသနိုင်ဖို့ အမြတ်ဆုံးလျှူဖွယ်ပစ္စည်း **အော်ရာမင်–ဂျီ**





**El Dorado**
162, 36th (mid),Kyauktada, Yangon.
Ph: 381217, 391539.

## ဒစ်ဂျစ်တယ်ဓာတ်ပုံပြုပြင်ခြင်းဆိုင်ရာလက်တွေ့အသုံးချသင်တန်း

**၂၀.၁၀.၂၀၀၇** ညနေ (၅)နာရီမှ ည (၇)နာရီ စနေ–တနင်္ဂနွေ တစ်လခွဲကြာမြင့်မည်။

**အဖြူအမည်းဓာတ်ပုံများကို ကာလာဓာတ်ပုံများအဖြစ်သဘာဝကျစွာ ဖန်တီးနိုင်ပါမည်၊ ပျက်စီးနေသောဓာတ်ပုံများကို သစ်လွင်သည့်ဓာတ်ပုံများအဖြစ်ပြန်လည်ပြုပြင်နိုင်ပါသည်၊ ဓာတ်ပုံ၏နောက်ခံရှုခင်းကိုသေသပ်စွာပြောင်းလဲနိုင်ပါမည်၊**


## နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်လှမင်းထွဋ်** ၁၂/ဥကတ(နိုင်)၁၅၂၃၂၈ နှင့် ကျွန်မ **မမြတ်ကလျာနန္ဒီ** ၁၂/ဒဂန(နိုင်)၀၂၇၁၇၃ တို့သည် ၈–၁၀–၂၀၀၇ရက်တွင် ပြည်ခရိုင် တရားသူကြီးရုံး ဒုတိယခရိုင် တရားသူကြီး ဒေါ်ခင်မြင့်ချို၏ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

**မောင်လှမင်းထွဋ်–မမြတ်ကလျာနန္ဒီ။**






## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀(A)၊ မြေကွက်အမှတ် ၄ ဒီ/၂၊ ဧရိယာ ၀ ဒသမ ၁၇၅ ဧကရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးမောင်မောင်ဌေး ၁၄/ဘကလ(နိုင်)၀၃၅၅၉၂ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အဆိုပါမြေနှင့်အဆောက်အအုံအပါအဝင် ပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုလိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးစိန်ဝင်း (စဥ်–၆၀၈၂)**
**B.A, H.G.P, CBL, DBL, DML**
**ဥပဒေအကျိုးဆောင်**
**အမှတ် ၈၆/၈၈၊ အခန်း ၂၀၊**
**ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၆၈၂၅၇၃၆။**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ရန်အောင်ငြိမ်း၏ ၅/ကလထ(နိုင်)၁၁၇၄၆၅နှင့် သင်တန်းဆင်းလက်မှတ်များပါသော ဖိုင်အစိမ်းရောင်သည် ၈–၁၀–၂၀၀၇ရက်၌ Taxi ပေါ်တွင် ကျန်ခဲ့ပါ၍ တွေ့ရှိက အမြန်ဆက်သွယ်ပေးပါ။ **ဖုန်း–၅၃၀၁၁၇။**

## ကားရောင်းမည်

Pajero ခေါင်မြင့်၊ 86 Mdl(47)
သ/၉––– diesel ပြောင်း
370 L
**ဖုန်း–၀၉–၅၀၂၂၆၀၂၊**
**၀၉–၅၁၂၄၄၆၇**

## မြင်းခြံမြို့ ဈေးများတွင် အလေးချိန်ခွင်များစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၄**

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် သားငါးနှင့်စားသုံးသီးနှံများ သန့်ရှင်းမှုနှင့် အလေးချိန်ခွင် တင်းတောင်းများကို စဉ်ဆက်မပြတ်စစ်ဆေးပေးလျက်ရှိရာ အောက်တိုဘာ ၄ရက်က အများပြည်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် စံပြဈေးရှိ ဈေးရောင်းချသူများ၏ အလေးချိန်ခွင်တင်းတောင်းများ စစ်ဆေးခြင်းကို ဒုတိယဦးစီးမှူး(ဈေး) ဦးမျိုးတင့် စံပြဈေးခေါင်း ဦးချစ်ဌေးတို့က စစ်ဆေးပေးခဲ့ကြောင်းနှင့် လိုအပ်သည်များ မှာကြားပြုပြင်ပေးခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**


## Yes!! English School

- Grade - 1 (Beginner)
- Grade - 2 (High-Beginner)
- Grade - 3 (Pre-Intermediate)
- Grade - 4 (Intermediate)

- Class Size – 16 Students
- Duration – 10 Weeks
- Tuition – 25000 Ks

Oct • 20, 22 • ဖွင့်မည် • အထူးတန်းခွဲသစ်များ

Speaking, Listening, Reading, Grammar, TOEFL, IELTS



**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**



**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**


## ကျေးလက်စက်ရေတွင်း ပြုပြင်ထိန်းသိမ်း

**ရန်ကုန် အောက်တိုဘာ ၁၄**

မန္တလေးတိုင်း ညောင်ဦး(ပုဂံ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော ကျေးလက်ရေပေးရေး စက်ရေတွင်းများ ပုံမှန်လည်ပတ်မှုရှိမရှိကို အောက်တိုဘာ ၃ရက်က အငယ်တန်း အင်ဂျင်နီယာ(၃) ဦးအောင်နိုင်ခန့် ခေါင်းဆောင်သောအဖွဲ့က ထနောင်းစုကျေးရွာရှိ လေးလက်မ စက်ရေတွင်းကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

## စားအုန်းဆီသင်္ဘောများရောက်ရှိမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်က ပြည်သူများ ဝယ်ယူစားသုံးနိုင်ရန်အတွက် စားအုန်းဆီများကိုတင်သွင်းလျက်ရှိရာ စားအုန်းဆီတန်ချိန် ၃၆၀၀တင်ဆောင်လာသော Analisial သင်္ဘောသည် ယနေ့တွင်လည်းကောင်း၊ တန်ချိန် ၂၉၀၀ တင်ဆောင်လာသော Ana III သင်္ဘောသည် အောက်တိုဘာ ၁၇ရက်တွင်လည်းကောင်း၊ တန်ချိန် ၂၆၀၀ တင်ဆောင်လာသော Bergprai သင်္ဘောသည် အောက်တိုဘာ ၂၁ရက်တွင်လည်းကောင်း၊ တန်ချိန် ၃၆၀၀ တင်ဆောင်လာသော Analisial သင်္ဘောသည် အောက်တိုဘာ ၂၄ရက်တွင်လည်းကောင်း ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများသို့ ရောက်ရှိလာကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကင်း ပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် အာယုဒါန အလှူငွေကျပ်သုံးသိန်းကို ရန်ကင်း ပြည်သာယာ မြရတနာလမ်း ခြံအမှတ်(၄)နေ ဦးတင်ရီ–ဒေါ်ကြည်၊ သမီး ဦးအေးမင်း–ဒေါ်မာလာရီ၊ မြေး မျိုးသီဟ၊ ဖြူယမင်းသူ မိသားစုတို့က ရွှေပြည်ဟိန်းဆရာတော်ထံလှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာက လက်ခံယူစဉ်။ (၁၁၅)

## မှတ်သားဖွယ်ရာ မိုးရေချိန်

**၁၄–၁၀–၂၀၀၇**

**နေပြည်တော်**
၀ ဒသမ ၁၅ လက်မ

**ဖျာပုံ**
၃ ဒသမ ၁၁ လက်မ

**မန္တလေး**
၂ ဒသမ ၅၆ လက်မ

**ရန်ကုန်(မင်္ဂလာဒုံ)**
၂ ဒသမ ၀၄ လက်မ

**မှော်ဘီ**
၁ ဒသမ ၈၉ လက်မ

**မြင်းခြံ**
၁ ဒသမ ၈၅ လက်မ

## မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

### ဆီးချိုရောဂါကာကွယ်ထိန်းချုပ်ရေး အိုမေဂါ–၃ အက်စစ်အသုံးဝင်

ချီကာဂို အောက်တိုဘာ ၁၄

**ဓာတ်စာပြည့်ဝသည်ငါးနှင့် အခြားသော အိုမေဂါ–၃ အဆီများသည့် အက်စစ်ပါ အစားအစာများက ဆီးချိုရောဂါဖြစ်ဖူးသည့်မိသားစုမှ ကလေးများအား ဆီးချိုရောဂါမဖြစ်အောင် တားဆီးနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောဆိုလိုက်သည်။**

ကြေညာ

**ဆီးချိုရောဂါအုပ်စု–၁သည် ကလေးသူငယ်များတွင် အဖြစ်တတ်ဆုံးသော ဆီးချိုဖြစ်သည်။ ကိုယ်ခံစွမ်းအားစနစ် သုံးမရအောင်ပျက်စီးပြီးနောက် ပန်ကရိယ မုန့်ချိုအိတ်အတွင်းရှိ အင်ဆူလင်ထုတ်ပေးသည့် ကလာပ်စည်းများကို စတင်တိုက်ခိုက်သောအခါ အမှတ်(၁) ရောဂါအမျိုးအစားဖြစ်သည့် ဆီးချိုရောဂါအုပ်စု(၁)ပေါ်ပေါက်သည်။ ၁၉၉၄ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း မျိုးရိုးဗီဇအရ ဆီးချိုဖြစ်နိုင်သည့် ကလေး ၁၇၇၀ကို ကော်လိုရာဒိုတက္ကသိုလ်မှ ဂျီးလ်နော်ရစ်နှင့်အဖွဲ့က လေ့လာစစ်တမ်းထုတ်ပြီး အထက်ပါအတိုင်း ကြေညာခဲ့ခြင်းဖြစ်သည်။**

ခန့်မှန်းထား

**ယခုအခါ ကမ္ဘာတစ်ဝန်း ဆီးချိုရောဂါရှင် ၁၉၄သန်းရှိ၍ ၂၀၂၅ခုနှစ်တွင် သန်း ၃၀၀ကျော်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။**

**ဆီးချိုရောဂါအုပ်စု(၁) ဝေဒနာရှင်များမှာ သွေးထဲမှ သကြားဓာတ်ပါဝင်မှုထိန်းနိုင်ရန် အင်ဆူလင်ထိုးဆေးကို မကြာခဏအသုံးပြုသည်။**

## သဒ္ဓမ္မရံသီရိပ်သာများ၏ကထိန်သင်္ကန်းကပ်လှူပွဲ

**ရန်ကုန် အောက်တိုဘာ ၁၄**

သဒ္ဓမ္မရံသီရိပ်သာကြီးနှင့် ရိပ်သာခွဲတို့တွင် ကထိန်သင်္ကန်းကပ်လှူပွဲများကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်သည်။ မရမ်းကုန်းမြို့နယ် (၈)မိုင် သဒ္ဓမ္မရံသီရိပ်သာကြီး၌ နိုဝင်ဘာ၄ရက်(တနင်္ဂနွေနေ့)၊ ရန်ကင်းမြို့နယ် ကျောက်ကုန်း သုခါပဋိပဒါ သဒ္ဓမ္မရံသီရိပ်သာ၌ အောက်တိုဘာ ၂၈ရက်(တနင်္ဂနွေနေ့)၊ လှည်းကူးမြို့နယ် သရက်ကုန်းကျေးရွာ(အင်းတိုင်) ခိပ္ပာဘိညာ သဒ္ဓမ္မရံသီရိပ်သာ၌ နိုဝင်ဘာ ၁၀ရက်(စနေနေ့)၊ မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် မဇ္ဈိမာပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ၌ နိုဝင်ဘာ ၁၈ရက်(တနင်္ဂနွေနေ့)တို့တွင် ကျင်းပမည်ဖြစ်သည်။

**နာကြားမည်**

မရမ်းကုန်း (၈)မိုင် သဒ္ဓမ္မရံသီရိပ်သာကြီး၌ နံနက် ၈နာရီမှစ၍ အရန်သင်္ကန်းများကပ်လှူပြီး မွန်းတည့် ၁၂ နာရီတွင် ကထိန်မြတ်သင်္ကန်းကြီးကို ကပ်လှူပြီး အနုမောဒနာတရားနာကြားကြမည်ဖြစ်သည်။ ကျန်ရိပ်သာခွဲများတွင်လည်း နံနက် ၈နာရီမှစ၍ ကထိန်သင်္ကန်းကပ်လှူပွဲများ ကျင်းပပြီး အနုမောဒနာတရား နာကြားကြမည်ဖြစ်သည်။ **(က–ပ)**

## တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ (ဒုတိယ)အဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများယှဉ်ပြိုင်

**ရန်ကုန် အောက်တိုဘာ ၁၄**

၂၀၀၇ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ(ဒုတိယ) အဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် ဇုန်များ၌ **ယနေ့** နံနက်ပိုင်းတွင် ဆက်လက်ကစားသည်။

(ခခ)အုပ်စု ပဒုမ္မာအားကစားကွင်း (စမ်းချောင်း)၌ ကျင်းပသောပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းကို ခြောက်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ (ခခ)အုပ်စု စလင်းအားကစားကွင်း (ကြည့်မြင်တိုင်)၌ကျင်းပသောပြိုင်ပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော်(လေ)ဘောလုံးအသင်းကို ငါးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူနေမှုဘဝမြင့်မားတိုးတက်လာသည့် မြန်မာနိုင်ငံ၏ မြို့ရွာစည်ပင်ဖွံ့ဖြိုးမှုကဏ္ဍ

**ခံပြမောင်**

တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ မြင့်မားတိုးတက်စေရန် ကြိုးပမ်း ဆောင်ရွက်ရာတွင် မြို့ရွာစည်ပင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ မြို့၊ရွာများအား မြို့၊ ရွာအင်္ဂါရပ်များနှင့် ညီညွတ်စေရန် အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြများစည်ပင်လျက် ကျေးလက်များ ဖွံ့ဖြိုးတိုးတက်လာသည်။ မြို့ပြလမ်းတံတားများနှင့် ကျေးလက် လမ်းတံတားများ ပိုမိုရှည်လျားထိစပ်ပြီး တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဖော်ဆောင်ပေးသည်။ လေးအိမ်စု၊ ငါးအိမ်စု၊ ခုနစ်အိမ်တန်း၊ ရှစ်အိမ်တန်းအဆင့်မှသည် စံပြကျေးရွာများဖြစ်အောင် ထူထောင်ပေးသည်။ မြို့ကွက်သစ်များကို ဖော်ထုတ်ပေးသည့်အပြင် တဲပေါ်မှ တိုက်ပေါ်သို့ တက်နိုင်အောင် လူနေတိုက်တာ အဆောက်အအုံများကို ဆောက်လုပ် ထူထောင်ပေးသည်။



မန္တလေးတိုင်း အမရပူရမြို့နယ် ခြောက်သွေးသောက်ကျေးရွာတွင် တည်ဆောက်ပေးထားသည့် မူလတန်းကျောင်း။

ဆည်မြောင်း၊ တာတမံ မြစ်ရေတင်စီမံကိန်းနှင့် အလှမ်းဝေးသည့် ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေမရှားပါးရအောင် စီမံဆောင်ရွက်ပေးသည်။ အပူပိုင်းဒေသ ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံကိန်းဖြင့် ရေကိစ္စမပူရအောင် ဖော်ဆောင်ပေးသည်။ ကျေးလက်လမ်းများကိုလည်း မြေလမ်း၊ ဂဝံလမ်း၊ ကျောက်ချောလမ်းများအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ဖောက်ပေးသည်။ ကျေးရွာအခြေခံပညာကျောင်းများကို အဆင့်မြှင့်တင်ပေးပြီး ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးနှင့် စာတတ်မြောက်ရေး အလေးထားဆောင်ရွက်ပေးသည်။ ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကိုလည်း စနစ်တကျ မြှင့်တင်ပေးသည်။ ကျေးလက်ဒေသ စီးပွားရေး အဆင့်အတန်းတိုးတက်လာအောင် အလေးထားလုပ်ဆောင်ပေးသည်။

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ လုံးချင်းအိမ်ရာများ။



မျက်မှောက်ကာလတွင် မြို့ရွာစည်ပင်ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့တွင် ပြည်သူ့ဆေးရုံဓာတ်မှန်ဆောင်၊ ဖေဖော်ဝါရီလ ၁၂ ရက်က ဧရာဝတီတိုင်း ပုသိမ်မြို့ ကမ်းနားလမ်းသစ်၊ မတ်လ ၁၄ရက်က ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ်တို့ကို ဆက်သွယ်သည့် ကမ်းခြေလမ်း၊ မတ်လ ၁၅ရက်က ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ငွေဆောင်မြို့ ကတ္တရာလမ်း၊ မတ်လ ၂၀ရက်က ဧရာဝတီတိုင်း ဖျာပုံမြို့နယ်၌ ဖျာပုံတံတား၊ မတ်လ ၂၀ ရက်က မြင်းခြံမြို့နယ်၌ မြင်းခြံ-သာပေါင်း ကတ္တရာလမ်းနှင့် သာပေါင်းတံတား၊ မတ်လ ၂၃ရက်က ပဲခူးတိုင်း ပဲခူးမြို့တွင် ပဲခူးမြို့တော်ခန်းမ၊ ထိုနေ့တွင်ပင် ကဝမြို့နယ် သပြေကုန်း စံပြတိုက်နယ် ဆေးရုံ၊ မတ်လ ၂၅ရက်က ဧရာဝတီတိုင်း ပုသိမ်-ဟသ်ာတ-ကြံခင်း ရထားလမ်းပေါ်ရှိ ဖားတစ်ရှဉ်းတံတား၊ ထိုနေ့တွင်ပင် ကျောင်းကုန်း-ဆိပ်ကြီးကတ္တရာလမ်း၊ မတ်လ ၃၀ရက်က တောင်တွင်းကြီးမြို့နယ်၌ ကတ္တရာလမ်း၊ ဧပြီလ ၁၃ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာကော-မိုင်းပြင်း-ကျိုင်းတုံကားလမ်းပေါ်ရှိ ဟွေဟင်တံတား၊ ဧပြီလ ၂၈ ရက်က ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်၌ ငမိုးရိပ်ချောင်းကူး (ကမာကြည်) တံတား၊ မေလ ၄ရက်က ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်နှင့် ပန်းတနော်မြို့နယ်၌ ကျောက်ချောလမ်းနှင့် ကတ္တရာလမ်းသစ်များ၊ မေလ ၁၆ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၌ နမ့်ပေါင်-နမ္မချောင်းကူးတံတား၊ ဇွန်လ ၁ရက်က ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ပိုင်ကျုံမြို့၌ ပိုင်ကျုံတံတား၊ ဇွန်လ ၄ရက်က မွန်ပြည်နယ် ရေးမြို့နယ်၌ ဟံဂံတံတား၊ ဇွန်လ ၆ရက်က မကွေးတိုင်း စလင်းမြို့နယ်၌ စလင်းတံတား၊ ဇူလိုင် ၁၈ရက်က ကချင်ပြည်နယ် ဖားကန့်မြို့နယ် မြစ်ကြီးနား-တနိုင်း-ပန်ဆောင်လီဒို လမ်းမကြီးပေါ်ရှိ ဒွန်ဘန်တံတား စသည့် မြို့ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထား အကောင်အထည် ဖော်နိုင်ခဲ့သည်။

> **နိုင်ငံတော် အစိုးရက မြို့ပြနှင့် ကျေးလက်နေ ပြည်သူများ လူမှုဘဝ မြင့်မားတိုးတက် စေရန်အတွက် မြို့ကို မြို့အင်္ဂါရပ်နှင့်ညီအောင်၊ ကျေးလက် ကို ကျေးလက်အင်္ဂါရပ်နှင့် ညီအောင် အလေးထား မြှင့်တင် ဖော်ဆောင်ပေး နိုင်ခဲ့။**

မြို့ရွာ ဖွံ့ဖြိုးတိုးတက်မှုများကို ပေါင်းချုပ်ကြည့်မည်ဆိုလျှင် ၁၉၈၈ ခုနှစ်က မြို့ပြလမ်းမိုင် ၂၉၀၀ ကျော်ရှိရာမှ ယခုအခါ မြို့ပြ လမ်းမိုင် ၅၆၀၀ ကျော်ရှိလာသည်။ ၁၉၈၈ ခုနှစ်က မြို့ပြတံတား လုံးဝမရှိခဲ့ရာမှ ယခုအခါ မြို့ပြတံတား ၁၀၀၀၀ကျော် ရှိလာသည်။ ၁၉၈၈ ခုနှစ်က မြို့ရေပေးရေးဆောင်ရွက်ပေးရမည့်မြို့နယ်၂၈၃မြို့နယ်ရှိသည့်အနက်ယခုအခါ ၁၇၉ မြို့နယ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်က ကျေးလက်လမ်းမိုင် ၃၉၀၀ ကျော် ရှိရာမှ ယခုအခါ ကျေးလက်လမ်းမိုင် ၂၉၀၀၀ ကျော် ဖောက်လုပ်ပေးနိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်က ကျေးလက်တံတား လုံးဝမရှိခဲ့ရာမှ ယခုအခါ ကျေးလက်တံတား ၇၆၀၀ ကျော် တည်ဆောက်ပေးနိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်က ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ထိထိရောက်ရောက် မဆောင်ရွက်ပေးနိုင်ခဲ့သော်လည်း ယခုအခါ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းပေါင်း ၂၅၀၀၀ခန့်ဖြစ်လာသည်။ ၁၉၈၈ ခုနှစ်က ကျေးလက်အိမ်ရာ ဆောက်လုပ်ပေးမှု မရှိခဲ့သော်လည်း ယခုအခါ ကျေးလက်အိမ်ရာ ၂၆၀၀ကျော် ဆောက်လုပ်ပေးနိုင်ခဲ့သည်။

ယင်းတို့သည် **နိုင်ငံတော်အစိုးရက မြို့ပြနှင့် ကျေးလက်နေပြည်သူများ လူမှုဘဝမြင့်မားတိုးတက်စေရန်အတွက် မြို့ကို မြို့အင်္ဂါရပ်နှင့်ညီအောင်၊ ကျေးလက်ကို ကျေးလက်အင်္ဂါရပ်နှင့်ညီအောင် အလေးထား မြှင့်တင်ဖော်ဆောင်ပေးနိုင်ခဲ့**သော မြန်မာနိုင်ငံ၏ မြို့ရွာစည်ပင်ဖွံ့ဖြိုးမှုကဏ္ဍများပင် ဖြစ်ပေတော့သည်။ ။

ရန်ကုန်တိုင်း မြို့ရေပေးဝေရေးလုပ်ငန်းမှ ရေစစ်ကန်များ။





## ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး မန္တလေးခရိုင်၌ ဆွေးနွေး

**မန္တလေး အောက်တိုဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် မန္တလေးတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်း၊ ခရိုင်ဦးစီးအရာရှိ ဦးမျိုးမြင့်တို့နှင့်အတူ မန္တလေးခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ရုံးများမှ တာဝန်ခံအရာရှိများနှင့် ချမ်းအေးသာစံ မြို့နယ်ရုံး၌ အောက်တိုဘာ ၁ရက် မွန်းလွဲ ၂နာရီက တွေ့ဆုံမှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးက ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၀၇ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် ရည်မှန်းချက်တာဝန်(၉)ရပ်ကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊ ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကိုယ်ပိုင်အဆောက်အအုံများဖြစ်ပေါ်လာစေရေးနှင့် စာဖတ်ဝိုင်းများပြုလုပ်၍ အောင်မြင်စွာ အစွမ်းကုန် အကောင်အထည်ဖော်ဆောင်ရွက်ကြရေး တိုက်တွန်းဆွေးနွေးပြောကြားကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

## ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ လောက်ကိုင်၌ကျင်းပ

**လောက်ကိုင် အောက်တိုဘာ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ရက် နံနက် ၉နာရီက လောက်ကိုင်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

**ဆောင်ရွက်**

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမောင်၊ နယ်မြေခံ တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးသန်းထိုက်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့သူမြို့သားများ တက်ရောက်ကြသည်။

**စိုက်ပျိုး**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်အောင်က လောက်ကိုင်မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမောင်၊ ဒုတိယဗိုလ်မှူးကြီးသန်းထိုက်၊ ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းတို့က တက်ရောက်လာသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့သူမြို့သားများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်ကာ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**အမြို့မြို့ အနယ်နယ် သတင်းများ**



မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့်အဖွဲ့ မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကံဦးရွာ စက်ရေတွင်း ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၁၃ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်ထွန်းကျော်တို့ ရှင်းလင်းတင်ပြစဉ်။ (တိုင်းစည်ပင်)

## သက်ကြီးရွယ်အို အဘိုး၊အဘွားများအား သဲကုန်းမြို့၌ ဆေးဝါးအသုံးအဆောင်ပစ္စည်းများထောက်ပံ့

**သဲကုန်း အောက်တိုဘာ ၆**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၁၀နာရီက ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် လူမှုရေးအဖွဲ့အစည်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သက်ကြီးရွယ်အို အဘိုး၊အဘွား ၁၅ဦးတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက ငွေနှင့် ဆေးဝါးအသုံးအဆောင် ပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## ကျောက်ထုမြို့နယ် ပြန်/ဆက်သို့ စာအုပ်များလှူဒါန်း

**ဂန့်ဂေါ အောက်တိုဘာ ၉**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ စာအုပ်များပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၁ရက်က ကျောက်ထုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ရှင်းလင်း**

အခမ်းအနားတွင် ကျောက်ထုမြို့အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးမြင့်အေးက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ခိုင်မာသောစာကြည့်တိုက်များ ဖြစ်မြောက်လာရေးတို့ကို ရှင်းလင်းပြောကြားသည်။

**လှူဒါန်း**

ထို့နောက် စေတနာရှင်များက စုပေါင်းလှူဒါန်းသည့် စာအုပ်မျိုးစုံ ၃၂၇အုပ်ကို ကျောင်းအုပ်ဆရာကြီးဦးစံရင်က ကျောက်ထုမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမနားယောထံသို့ ပေးအပ်လှူဒါန်းသည်။ **(၂၇၃)**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော် မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ပါဆန်း-ခတ်တန်မြေသားလမ်း ဖောက်လုပ်မှု အခြေအနေကိုကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## သောက်သုံးရေသုံးစွဲနိုင်ရေး ဒိုက်မှော်များရှင်းလင်း

**ဖျာပုံ အောက်တိုဘာ ၁၁**

ဖျာပုံမြို့နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်ရေးအတွက် အောက်တိုဘာ ၄ရက် နံနက်က အမှတ်(၈)ရပ်ကွက်ရှိ ရေလှောင်ကန်အား ဒိုက်မှော်၊ ကြာပင်နှင့် ကန်အတွင်း အပြင် ချုံနွယ်များ ရှင်းလင်းခြင်း၊ ခြံစည်းရိုးများပြန်လည်ပြုပြင်ခြင်း **(အပေါ်ပုံ)** တို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်စည်ပင်သာယာရေး အဖွဲ့အနေဖြင့် မြို့ရေပေး ဖြန့်ဝေလျက်ရှိသည့် ကန်တော်ကြီး ရေကန်နှင့် မြို့ပေါ်ရပ်ကွက်များရှိ မိုးရေကန်များတွင် ဒိုက်မှော်၊ ကြာပင်နှင့်ချုံနွယ်များ ရှင်းလင်းခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(၁၅၈)**



စက်တင်ဘာ ၂၅ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဗျားနီတို့ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာကောင်းမွန်စေရန်အတွက် မြို့ပတ်လမ်းဆုံနှင့် ပြည်ထောင်စုလမ်းဆုံတွင် ကျောက်ရိုးစီ ကွန်ကရစ်တံတားဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြတ်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ခန္တီးမြို့ပေါ်ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေး ရောဂါမဖြစ်ပွားစေရေးအတွက် စာသင်ကျောင်းများ၊ မူကြိုကျောင်းများ၊ ဈေးများနှင့် ရပ်ကွက်အတွင်း ခြင်ဆေးဖျန်းခြင်းဆောင်ရွက်မှုကို စက်တင်ဘာ ၁၁ရက်က မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

## တစ်နှစ်အောက်ကလေးများ ကာကွယ်ဆေးတိုက်ကျွေး

**နေပြည်တော်တပ်ကုန်း စက်တင်ဘာ ၂၅**

တစ်နှစ်အောက် ကလေးသူငယ်များအား ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းနှင့် ပေါင်ချိန်ပြည့်မပြည့် စစ်ဆေးခြင်းတို့ကို စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီက နေပြည်တော်တပ်ကုန်း ဘုရင့်နောင်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန် ဒေါက်တာအောင်ငွေစံနှင့် ကျန်းမာရေးဆရာမများက ဘုရင့်နောင်ရပ်ကွက်အတွင်းရှိ ငါးနှစ်အောက် ကလေးသူငယ်များအား ဗီတာမင်အေတိုက်ကျွေးခြင်းနှင့် တစ်နှစ်အောက်ကလေးသူငယ်များအား ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ပိုလီယို၊ ဝက်သက်၊ အသည်းရောင်အသားဝါကာကွယ်ဆေးများ ထိုးခြင်း၊ ပေါင်ချိန်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးများ ထိုးပေးခြင်းတို့ကို ဆောင်ရွက်ကြရာ ဘုရင့်နောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ကျော်မိုးနှင့် မီးသတ်၊ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။ **(၂၆၆)**

# ပြည်သူ့ဆန္ဒသဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

## ဆန္ဒပြဆူပူကြရာတွင် မည်သူတွေအကျိုးရှိပြီး မည်သူတွေ အကျိုးမဲ့သနည်း

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

အများပြည်သူ အထိတ်တလန့် ဖြစ်ကြရသည်။
မသိနားမလည်သူများ လူပေါင်းမှားပြီး ဒုက္ခရောက်ကြရသည်။
ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ထိခိုက်နစ်နာခဲ့ရသည်။
ဈေးသည်များ စိတ်ချလက်ချ ဈေးမထွက်နိုင်။
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အကြီးအကျယ် ထိခိုက်ခဲ့ရသည်။

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

နယ်ချဲ့ခိုင်းဖတ် ခေဖတ် ပြည်ပြေးများသာ ဒေါ်လာဝင်လမ်း ဖြောင့်ကြသည်။
အလံရှူးလုပ်သူများ ထောက်ပံ့ကြေးရနေကြသည်။
ဒုစရိုက်ကောင် တောကြောင်များ အကြိုက်တွေ့ကြသည်။
အခါပေးမီဒီယာများမှ သစ္စာဖောက်များ ဝင်ငွေကောင်းကြသည်။

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏားများ၊ မယုံလေနဲ့ သတိထား